ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (26-7-2006) (၅၀၃၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လ်ဒိုက်ဗ်နိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဇူလိုင်　　၂၆

၂၀၀၆ ခုနှစ် ဇူလိုင် ၂၆ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၁)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာမာမွန်း၊အဗ္ဗဒူလ်ဂါယွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)



ဆက်ကပ် လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံ လားရှိုးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် ၁၇ တိုက်သို့ လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆားများကို ဆက်ကပ် လှူဒါန်းကြစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း

လားရှိုးမြို့ အဘယသုခသိမ်တော်၊ ဇေယျသုခမင်္ဂလာ နှစ်ထပ်ကျောင်းဆောင်နှင့် သုခမင်္ဂလာဆင်းရွှေလီသာသနာ့ဗိမာန်တော်ကြီး ရေစက်ချမင်္ဂလာ တက်ရောက်ကြည်ညို

နေပြည်တော်　　ဇူလိုင်　　၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် ကုန်းတော်ပေါ်ရှိ အဘယသုခသိမ်တော်၊ ဇေယျသုခမင်္ဂလာ နှစ်ထပ်ကျောင်းဆောင်နှင့် သုခမင်္ဂလာဆင်းရွှေလီသာသနာ့ဗိမာန်တော်ကြီးတို့ ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် သုခမင်္ဂလာ ဆင်းရွှေလီသာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

ရေစက်ချမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၆-၇-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

ကျေးလက်ဖွံ့ဖြိုးမှုကို ဖော်ညွှန်းနေသည့် စံပြကျေးရွာများ

ကျေးလက်ဒေသများ၏ အခြေခံသည် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းဖြစ်ရာ စိုက်ပျိုးရေနှင့် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာ ရရှိရေးအပါအဝင် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို နိုင်ငံတော်က အားပေးကူညီနေသည်။အလားတူ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်စေရန်လည်း အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအရေးပါသည့် လမ်းပန်းဆက်သွယ်မှု ချောမွေ့ရေးအတွက် ကျေးရွာချင်းဆက် လမ်းများ၊ ကျေးရွာနှင့် မြို့ပြဆက်သွယ်သည့် လမ်းများ၊ မြစ်ကူး၊ ချောင်းကူးတံတားများကို ဒေသအလိုက် ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိရာ ကျေးလက်ဒေသ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ဒေသထွက်ကုန် ရောင်းဝယ်မှုများပါ တိုးတက်မြင့်မားလာနေပြီဖြစ်သည်။

အချို့ဒေသများတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းပြသနေသည့် စံပြကျေးရွာများကို တွေ့မြင်နေရပြီ ဖြစ်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ဟိုပုံးမြို့နယ်ရှိ နမ့်ခုတ်စံပြ ကျေးရွာကို ဇူလိုင် ၁၃ ရက်က ဖွင့်လှစ်ခဲ့သည်။

နမ့်ခုတ်စံပြကျေးရွာ၌ လူဦးရေသုံးထောင်ကျော်နေထိုင်လျက်ရှိပြီး စပါး၊ ပဲပုပ်၊ ပြောင်း၊ ကြံ၊ သနပ်ဖက်၊ ပဲအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက် အများအပြား စိုက်ပျိုးကြသည်။ အဆိုပါ ကျေးရွာတွင် စံပယ်ဖြူကတ္တရာ လမ်းသစ်၊ အထက်တန်းကျောင်း၊ ကျေးလက်ကျန်းမာရေးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲသားဖွားခန်း၊ စာကြည့်တိုက်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စာတိုက်နှင့် အော်တိုတယ်လီဖုန်း ဆက်သွယ်ရေးစခန်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားမှ (၄)ကေဗွီအေစက် တစ်လုံးတို့ကို ထူထောင်ထားရှိရာ ပညာရေး၊ ကျန်းမာရေး၊ သွားလာ ဆက်သွယ်ရေးများ ကောင်းမွန်လွယ်ကူလျက်ရှိသည်။

အလားတူ မန္တလေးတိုင်း မလှိုင်မြို့နယ် ကျောက်တန်းစံပြ ကျေးရွာရှိ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ စာကြည့် တိုက်နှင့် အများသုံးတယ်လီဖုန်းရုံးတို့ကို ဇူလိုင် ၁၄ ရက်က ဖွင့်လှစ် ခဲ့သည်။ အဆိုပါ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကူညီပံ့ပိုးမှုနှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေတို့ဖြင့် တည်ဆောက်ခဲ့ပြီး ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ တိုက်နယ် ဆေးရုံ၊ နေအိမ်များနှင့် လမ်းများပါ မီးလင်းပေးနိုင်ပြီဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်က ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံး ရေရရှိရေး အပါအဝင် ကျေးလက်ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးများ တိုးတက်မြင့်မားလာရေး ဖြည့်ဆည်းထူထောင်ပေးလျက်ရှိသည်။ နိုင်ငံတော်၊ ဒေသခံ ပြည်သူ များနှင့်စေတနာအလှူရှင်များကလည်း တက်ကြွထက်သန်သော စေတနာ သဒ္ဓါတို့ဖြင့် ပေါင်းစည်းကြိုးပမ်းလျက်ရှိရာ စံပြကျေးရွာ အများအပြားကို ဖွင့်လှစ်လာနိုင်ပြီဖြစ်သည်။ ယင်းသို့ စံပြကျေးရွာများ တိုးမြှင့်ဖွင့်လှစ် နိုင်ခြင်းသည် ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်လာခြင်းကို ပြသလျက်ရှိပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရှမ်းပြည်နယ် တောင်ကြီးမြို့ အမှတ်(၁၈) ထွေအုပ်အိမ်ရာ အရှေ့မြို့ပတ်လမ်း သစ်တောရပ်ကွက်နေ ကွယ်လွန်သူမိဘများအားရည်စူး၍ ဒေါက်တာကြီးမြင့်-ဒေါက်တာခင်မေသန်း(စုစံ-သွားဆေးခန်း)မိသားစုက အလှူတော်ငွေကျပ်နှစ်သိန်းကို ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးစေတီစာသင် တိုက် ပဓာနနာယကဆရာတော် အရှင်လက္ခဏာသာမီဘိဝံသထံ ဆက်ကပ် လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူစိုက်ခင်းများ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ကြည့်ရှုစစ်ဆေးပြီး တိုးချဲ့စိုက်ပျိုးရန်မှာကြား

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း၊ တပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူစိုက်ခင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် တပ်ရင်း၊ တပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများသည် နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြောက် ပိုင်းခရိုင် မှော်ဘီမြို့နယ် အင်ကြင်းကုန်း ကျေးရွာအုပ်စု ရွှေပြည်ကျေးရွာအနီးရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုး ကြက်ဆူစိုက်ခင်း ဧက ၁၅၀၀ သို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် တာဝန်ရှိ သူများက တပ်ရင်း၊ တပ်ဖွဲ့များအလိုက် ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးရန် မြေနေရာရရှိမှု၊ မြေပြုပြင်ပြီးစီးမှုနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်း တင်ပြ ကြသည်။

ထို့နောက် တိုင်းမှူးက စိုက်ပျိုးရေ အခက်အခဲ မဖြစ်စေရေးအတွက် စိုက်ပျိုးရန် လျာထားကာလအတွင်း ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးအောင် ဆောင် ရွက်ကြရန်၊ စိုက်ပျိုးပြီးအပင်များ အလေအလွင့်မရှိဘဲ ရှင်သန်ဖြစ်ထွန်း အောင် စနစ်တကျ ထိန်းသိမ်းစောင့် ရှောက်ကြရန်နှင့် ခွဲဝေရရှိထားသည့် မြေနေရာသာမက စိုက်ပျိုး၍ရနိုင်သည့် မြေလွတ်မြေလပ်များ၌လည်း တိုးချဲ့ စိုက်ပျိုးကြရန် မှာကြားပြီး လိုအပ်သည် များ ညှိနှိုင်းစီမံ ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးက ခြံစည်းရိုး ကြက်ဆူပင်ကို အမှတ်တရ စိုက်ပျိုး ပေးပြီး ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် တပ်ရင်း၊ တပ်ဖွဲ့များ၏ ခြံစည်းရိုး ကြက်ဆူ စိုက်ခင်းနှင့် မြေနေရာများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးသည် မှော်ဘီမြို့ နယ်နှင့် ထောက်ကြန့်မြို့နယ်တို့ လမ်း အသုံးပြုခ ကောက်ခံရေးစခန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ရှိ ဓာတုဗေဒပစ္စည်းစက်ရုံနှင့် ကုန်ထုပ်စက္ကူစက်ရုံ ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးညွန့်အောင်၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ ဓာတုဗေဒပစ္စည်းစက်ရုံရှိ ဆိပ်ကမ်းသို့ ရောက်ရှိ၍ ဇက်ရေယာဉ်နှင့်သင်္ဘောများ ဆိုက်ကပ်နိုင်မည့် ဆိပ်ခံတည်ဆောက်မည့် နေရာကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကိုမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် သဲနှင့် ကျောက်မှုန့်ကြိတ်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ ပြုပြင်ထိန်းသိမ်းရေး ဌာနကိုလည်းကောင်း၊ စက်ရုံဝင်း အတွင်းရှိ ကွန်တင်နာများထားရှိမည့် မြေနေရာကိုလည်းကောင်း၊ ဆပ်ပြာ ကုန်ကြမ်းထည့်သွင်းသည့် တိုင်ကီများ ကိုလည်းကောင်း၊သက်သာဆပ်ပြာမှုန့် ထုပ်ပိုးခြင်းလုပ်ငန်းများကို လည်း ကောင်း၊ ဆပ်ပြာမှုန့် ထုတ်လုပ်မှု လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှု စစ်ဆေးပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ထုတ်ကုန်ပစ္စည်းများ အလေအလွင့်မရှိရေး၊ ဝင်းသူဇာ အရောင်းဆိုင်များ၏ လိုအပ်ချက်နှင့် အညီ ထုတ်လုပ်ပေးပို့ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံ ဝင်းအတွင်းရှိ ဘက်ထရီ စက်ရုံသို့ ရောက်ရှိ၍ ခဲကျိုခြင်းလုပ်ငန်းများကို လည်းကောင်း၊ စက်များတပ်ဆင်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ Acid Compound and Tank ဌာနရှိ ဘက်ထရီများအတွင်း အက်စစ် ထည့်သွင်းမှု အခြေအနေကိုလည်း ကောင်း၊ ဘက်ထရီအား သွင်းခြင်း လုပ်ငန်းနှင့် ကွန်ပျူတာထိန်းချုပ် စက်များ တပ်ဆင်ပြီးစီးမှု အခြေအနေ များကိုလည်းကောင်း ကြည့်ရှုစစ်ဆေး ပြီး စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိ သူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များ ကိုမှာကြားသည်။

ထိုမှ တစ်ဆင့် ဝန်ကြီးသည် အင်းစိန် မြို့နယ် အောင်ဆန်းမြို့ ရွှေကျီးလမ်းရှိ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ ကုန်ထုပ်စက္ကူစက်ရုံသို့ ရောက်ရှိ၍ စက်များတပ်ဆင်မှုနှင့် ပြီးစီးမှုအခြေ အနေများကို ကုန်ထုတ်လုပ်မှုလို ကြည့်ရှုစစ်ဆေးပြီး ပင်မအဆောက် အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးကာ စက်များ အမြန်တပ်ဆင်၍ ကုန်ထုတ်လုပ်ငန်း များဆောင်ရွက်သွားရေး မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း လှိုင်မြို့နယ် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ ဓာတုဗေဒပစ္စည်းစက်ရုံ ဆိပ်ကမ်းရှိ ဆိပ်ခံတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းနှင့် ဧည့်သည်တော်များ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် ကုန်းတော်ပေါ်ရှိ အဘယသုခသိမ်တော်၊ ဇေယျသုခမင်္ဂလာ နှစ်ထပ်ကျောင်းဆောင်နှင့် သုခမင်္ဂလာဆင်းရွှေလီ သာသနာ့ဗိမာန်တော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

တိုင်းမှူးနှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(မြောက်ပိုင်း) အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ အလှူရှင်များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစန်းမောင်က ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော်၊ သံဃာတော်များအား ဆက်ကပ်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်တို့ကို ယူဆောင်၍ သုခမင်္ဂလာ ဆင်းရွှေလီ သာသနာ့ဗိမာန်တော်ကြီးအား ပက်ဖျန်း ချည်နှောင်ကြသည်။

ယင်းနောက် အခမ်းအနားမှူးက အာရာမအာရာမဝတ္ထု၊ ဝိဟာရဝတ္ထု၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း လားရှိုးမြို့ရှိ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက် လေးတိုက်တို့မှ သီလရှင်များအတွက် ဆန်၊ ဆီ၊ ဆားများကို ပြည်နယ် သီလရှင်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ သာသနဟိတကာရီ သီလရှင်စာသင်တိုက် ပဓာနနာယကဆရာကြီး ဒေါ်ကေသီ (မဟာဂန္ထဝါစကပဏ္ဍိတ)နှင့် သီလရှင်ဆရာကြီးများထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အဘယသုခသိမ်တော်၌ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မောကိန္နရီတေးဂီတအဖွဲ့က ထူးမခြားနား ရောင်ခြည်တော်ဘွဲ့ဖြင့် သီကျူးပူဇော်သည်။

ကိုးပါးသီလခံယူ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဝိဟာရပါကာရ၊ ဝိဟာရပရိက္ခာရ၊ ဝိဟာရသမ္ဘာများကို သံဃာတော်များ ရှေ့မှောက်၌ စေတီယဿဒေမ-စေတီတော်အား လှူဒါန်းခြင်းနှင့် စပ်လျဉ်းသည့် လှူဒါန်းလွှာစာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်အား လှူဒါန်းသောအားဖြင့် အဘယသုခသိမ်တော်၊ ဇေယျသုခမင်္ဂလာနှစ်ထပ်ကျောင်းဆောင်နှင့် သုခမင်္ဂလာဆင်းရွှေလီ သာသနာ့ဗိမာန်တော်ကြီးတို့နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ တိုင်းမှူး

စာမျက်နှာ ၅ ကော်လံ ၁ သို့☆

တရားမဝင် ဆောက်လုပ်ရေးအလုပ်သမား ၂၅ ဦးကို အမေရိကန်လေတပ်အခြေစိုက်စခန်း၌ ဖမ်းဆီး

ဝါရှင်တန် ဇူလိုင် ၂၄

အမေရိကန် အာဏာပိုင်များသည် တရားမဝင် နေထိုင်အလုပ်လုပ်ကိုင်သူ ကန်ထရိုက် အလုပ်သမား ၂၅ ဦးကို လူဝီစီယားနားပြည်နယ်ရှိ ဘတ်စ်ဒေးလ် အမေရိကန်လေတပ်အခြေစိုက်စခန်းတွင် ဇူလိုင် ၂၁ ရက်က ဖမ်းဆီးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ဇူလိုင် ၂၂ ရက်တွင် သတင်းဖော်ပြသည်။

ယင်းကန်ထရိုက်အလုပ်သမားများကို အမေရိကန်လေတပ်နှင့် ပူးပေါင်းကာ လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာနတို့က ဖမ်းဆီးခြင်းဖြစ်သည်။

ပါဝင်

အမေရိကန် လေတပ်အခြေစိုက်စခန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြေယာအလှဆင် ကန်ထရိုက်လုပ်ငန်း ဆောင်ရွက်သော ကုမ္ပဏီ ခြောက်ခုမှ ဝန်ထမ်းများ စာရင်းတွင် ၎င်းတို့ ပါဝင်ကြောင်း ယင်းလေတပ်စခန်းရှိ အမှတ် ၂ ဖုံးကြဲလေယာဉ်အုပ်ခွဲ ပြောရေးဆိုခွင့်ရှိသူ ဖရင့်စ်ဟက်နက်ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ဖော်ပြထားသည်။

ဖမ်းဆီးခံရသူအလုပ်သမားများသည် နိုင်ငံခြားသားများဖြစ်ပြီး မည်သည့်နိုင်ငံသားများ ဖြစ်သည်ကို ထုတ်ဖော်ခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

ကိုင်ဆောင်ထား

၎င်းတို့သည် လူမှုဖူလုံရေးကတ်ပြားနှင့် နိုင်ငံခြားသား ကတ်ပြားအတုများ ကိုင်ဆောင်ထားသူများဖြစ်ကြသည်။ ဘတ်စ်ဒေးလ် လေကြောင်းအခြေစိုက်စခန်းသည် ဘီ-၅၂ ဖုံးကြဲလေယာဉ်မောင်းနှင်သည့် တိုက်ခိုက်ရေးလေယာဉ်မှူးများကို သင်တန်းပေးရာ နေရာဖြစ်ကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

စီအိုင်အက်စ်အဖွဲ့ ပြုပြင်ပြောင်းလဲရန် ကာဇက်စတန်သမ္မတ တိုက်တွန်း

မော်စကို ဇူလိုင် ၂၄

လွတ်လပ်သောနိုင်ငံများ၏ ဓနသဟာယအဖွဲ့ (စီအိုင်အက်စ်)ကို ပြုပြင်ပြောင်းလဲရန် ကာဇက်စတန်သမ္မတ နာဇာဘေယက်ဗ်က စနေနေ့တွင် တိုက်တွန်းလိုက်သည်။

စီအိုင်အက်စ်အဖွဲ့သည် ထိရောက်မှုရှိသောအဖွဲ့အစည်းအဖြစ် ရပ်တည်လာနိုင်စေရန် အောက်ခြေသိမ်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်လိုအပ်ကြောင်း နာဇာဘေယက်ဗ်က ပြောကြားသည်။

စီအိုင်အက်စ်အဖွဲ့၏ ၁၅ နှစ်တာသမိုင်းကြောင်းကို လေ့လာရာတွင် အဖွဲ့ဝင်နိုင်ငံများက အတည်ပြုခဲ့သော သဘောတူညီချက်ဆိုင်ရာ စာလွှာစာတမ်းများ၏ ၁၀ ရာခိုင်နှုန်းကိုသာလျှင် အကောင်အထည်ဖော်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း ကျွမ်းကျင်သူပညာရှင်များက သုံးသပ်သည်။

စီအိုင်အက်စ်အဖွဲ့၏ စွမ်းဆောင်ရည်ညံ့ဖျင်းလျက်ရှိသည်ကို အဖွဲ့ဝင်နိုင်ငံတိုင်းက သိရှိကြကြောင်း၊ စီအိုင်အက်စ်အဖွဲ့သည် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် နိုင်ငံတိုင်းက အကြွင်းမဲ့လက်ခံနိုင်သည့် ဆုံးဖြတ်ချက်မျိုးကိုသာ ချမှတ်သင့်ပြီး ရရှိသည့် သဘောတူညီချက်များကိုလည်း ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း နာဇာဘေယက်ဗ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည့် ဆက်သွယ်ရေးပစ္စည်းများပြပွဲတွင် ရုပ်မြင်သံကြားကြည့်၍ရသော မိုဘိုင်းလ်ဖုန်းကို ဇူလိုင် ၂၃ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လက်ဘနွန်နိုင်ငံ မြို့တော် ဘေရွတ်တောင်ပိုင်းတွင် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အဆောက်အအုံများ ပျက်စီးနေသည်ကို ဇူလိုင် ၂၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အစ္စရေး-လက်ဘနွန်တိုက်ခိုက်မှုရပ်စဲရေး ကာတာနိုင်ငံ ကြားဝင်စေ့စပ်ပေးနေ

ဂျေရုဆလင် ဇူလိုင် ၂၄

ကာတာနိုင်ငံသည် အစ္စရေးနိုင်ငံနှင့် လက်ဘနွန်ပြောက်ကျားအုပ်စု တိုက်ခိုက်နေမှု အဆုံးသတ်စေရန် ကြားဝင်စေ့စပ်ပေးလျက်ရှိကြောင်း နိုင်ငံရေးသတင်းရပ်ကွက်က ပြောကြားသည်။

ကာတာနိုင်ငံသည် အစ္စရေးနိုင်ငံနှင့် သံတမန်ဆက်သွယ်ထားခြင်း မရှိသော်လည်း ခင်မင်ရင်းနှီးသော ဆက်ဆံရေးရှိသည်။ ကာတာနိုင်ငံသည် စစ်ရေးပဋိပက္ခပြေလည်ရေးအတွက် အစ္စရေးနှင့် သံတမန်နည်းအရဆက်သွယ်ရန် ကြိုးပမ်းနေသည်သာမက လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာ အုပ်စုနှင့် လက်ဘနွန် အရာရှိများမှတစ်ဆင့် အဆက်အသွယ်ရရန် ကြိုးစားခဲ့သည်ဟု ဆိုသည်။

ကာတာနိုင်ငံသည် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာအုပ်စုတို့စစ်ပွဲအဆုံးသတ်ရန် ကြားဝင်စေ့စပ်ပေးလျက်ရှိကြောင်း အထက်တန်းနိုင်ငံရေးသမားတစ်ဦးက ရိုက်တာသတင်းဌာနသို့ပြောကြားသည်။

အစ္စရေး နိုင်ငံခြားရေးဌာနသည် ကာတာနိုင်ငံ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ဝေဖန်ပြောကြားခြင်း မရှိဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

လက်ဘနွန်၌ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား အမေရိကန်နိုင်ငံသား ၁၀၀၀၀ခန့် ပြည်ပသို့ခေါ်ထုတ်ခဲ့ရ

ဝါရှင်တန် ဇူလိုင် ၂၄

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာ ပြောက်ကျားများ တိုက်ခိုက်မှုများ စတင်ဖြစ်ပွားပြီးနောက် ဇူလိုင် ၁၆ ရက်မှစ၍ လက်ဘနွန်နိုင်ငံမှ ကယ်ထုတ်ခံရသူ အမေရိကန်နိုင်ငံသား ဦးရေမှာ ၁၀၀၀၀ ခန့်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက စနေနေ့တွင် ပြောကြားသည်။

လက်ဘနွန်နိုင်ငံမှ အမေရိကန်နိုင်ငံသားများကို ဆိုက်ပရပ်နိုင်ငံနှင့် တူရကီနိုင်ငံတို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ၎င်းတို့ကို ပို့ဆောင်ပေးရာတွင် စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် စင်းလုံးငှားရေယာဉ်များကို အသုံးပြုခဲ့ကြောင်း၊ ၎င်းတို့အနက်မှ ၂၀၀၀ ခန့်သည် ယခုအခါအမေရိကန်နိုင်ငံသို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

လက်ဘနွန်နိုင်ငံတွင် တိုက်ခိုက်မှုများ မဖြစ်ပွားမီက ယင်းနိုင်ငံတွင် အမေရိကန်နိုင်ငံသား ၂၅၀၀၀ ခန့် ရှိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



တရုတ်နိုင်ငံ တိဘက်ဒေသ လာဆာဘူတာရုံမှ ထွက်ခွာလာသည့် မီးရထားတစ်စင်းကို ဇူလိုင် ၂၄ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကိုကင်း ၆၈၈ ကီလို ကော်စတာရီကာ၌ ဖမ်းဆီးရမိ

ဆန်ဟိုဆေး ဇူလိုင် ၂၅

ကော်စတာရီကာရဲတပ်ဖွဲ့သည် ကိုကင်း ၆၈၈ ကီလိုကို ဖမ်းဆီးရမိရာ ယခုနှစ်တွင် အများဆုံး သိမ်းဆည်းရမိမှုဖြစ်ကြောင်း မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးအဖွဲ့က ဇူလိုင် ၂၄ ရက်တွင် ပြောကြားသည်။

သတင်းပေးချက်အရ နီကာရာဂွာနှင့် နယ်စပ်ချင်းထိစပ်နေသော ပီနာစ်ဘလမ်ကာစ်အရပ်တွင် မှောင်ခိုခိုးသွင်းနေမှုကို စနေနေ့က ပိတ်ဆို့ရှာဖွေရာမှ ဖမ်းဆီးရမိခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအရာရှိများသည် ဟွန်ဒူရပ်စ်နိုင်ငံသို့ ဦးတည်သွားသော နောက်တွဲပါ ယာဉ်ကို ရပ်တန့်စေခဲ့ပြီး ရှာဖွေစစ်ဆေးရာ ယာဉ်အောက်ခြေအံဝှက်အတွင်း ဝှက်ထားသော ကိုကင်းများကို သိမ်းဆည်းရမိကြောင်း ဖော်ပြသည်။

ရဲတပ်ဖွဲ့သည် အသက် ၄၀ အရွယ်ရှိ ယာဉ်မောင်းသူကို ဖမ်းဆီးလိုက်ပြီး အာဏာပိုင်များထံ လွှဲပြောင်းပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကုလအတွင်းရေးမှူးချုပ်ရာထူးအတွက် ဘန်ကီမွန်းနှင့် ရှာရှီသာရူး ရေပန်းစား

ကုလသမဂ္ဂ ဇူလိုင် ၂၅

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးအတွက် ယှဉ်ပြိုင်အရွေးခံရန် အမည်စာရင်းတင်သွင်းခံထားရသူများအနက် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ဘန်ကီမွန်းနှင့် ကုလသမဂ္ဂ အထက်တန်းတာဝန်ရှိသူ ရှာရှီသာရူးတို့သည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများ၏ အလွတ်သဘောပြုလုပ်သော ဆန္ဒသဘောထား တောင်းခံမှုစစ်တမ်းအရ ရေပန်းအစားဆုံးဖြစ်ကြောင်း သံတမန်များက တနင်္လာနေ့တွင် ပြောကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးအတွက် အမည်စာရင်းတင်သွင်းခံထားရသူလေးဦးအနက် မည်သူ့ကို အလေးအသာဆုံးဖြစ်သည်ကို သိရှိနိုင်ရန် လျှို့ဝှက်ဆန္ဒပြုသည့်စနစ်ဖြင့် လုံခြုံရေးကောင်စီ အဖွဲ့ဝင် ၁၅ နိုင်ငံမှ သံတမန်များက အလွတ်သဘော မဲပေးခဲ့ကြရာတွင် ဘန်ကီမွန်းနှင့် ရှာရှီသာရူးတို့ လူကြိုက်အများဆုံးဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ဘန်ကီမွန်းသည် ရေပန်းအစားဆုံးဖြစ်ပြီး ကုလသမဂ္ဂ ပြည်သူ့ပြန်ကြားရေးဌာနအကြီးအကဲနှင့် စာရေးဆရာ သာရူးမှာ ထောက်ခံမဲ ဒုတိယအများဆုံးရရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

☆ စာမျက်နှာ ၃ မှ

ဗိုလ်မှူးချုပ် အောင်သန်းထွင့်က ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အခမ်းအနားမှူး ဦးစန်းမောင်(ဓမ္မာစရိယ) ရေးစပ်ပူဇော်သည့် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် စေတိယပူဇာဝန္ဒနာ တေးထပ်ကို မောကိန္ဒရီတေးဂီတအဖွဲ့က သီကျူးပူဇော်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်ထံ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထု သီလရှင် အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ သာသနဟိတကာရီ သီလရှင်စာသင်တိုက် ပဓာန နာယက ဆရာကြီး ဒေါ်ကေသီ (မဟာဂန္ထဝါစကပဏ္ဍိတ) နှင့် သီလရှင်ဆရာကြီးများအား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသြသဓာဘိဝံသထံမှ အနုမောဒနာတရား နာကြား၍

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ပစ္စည်းများကိုလည်းကောင်း၊ လားရှိုးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် ၁၇တိုက်သို့ လှူဒါန်းသော ဆွမ်းဆန်တော်နှင့်ဆီ၊ ဆားများကိုလည်းကောင်း ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ကြီးများ၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းလိုက်ပြီး အခမ်းအနားအောင်မြင်ပြီးမြောက်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁) 'ဝ'အဖွဲ့မှ ဦးဖုန်ဒါရှင်၊ အထူးဒေသ(၂)မှ ဦးရှောက်မီလျှံ၊ အထူးဒေသ(၃)မှ

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် အဖွဲ့ဝင်များသည် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များသည် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်ရှိ ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်အား သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်းများဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် စေတီတော်အတွက် အလှူငွေကျပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်းက လားရှိုးမြို့ရှိ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်လေးတိုက်တို့မှ သီလရှင်များအတွက် ဆန်၊ ဆီ၊ ဆားနှင့် သီလရှင်ဝတ်စုံများကို ပြည်နယ် ဦးလွယ်မောင်း၊ အထူးဒေသ(၅)မှ ဦးမထုနော်၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဦးဇော်ယော်တို့ ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကံ့ကော်ပင်စိုက်ပျိုး

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် သုခမင်္ဂလာဆင်းရွှေလီ သာသနာ့ဗိမာန်တော်ကြီးရှေ့၌ ကံ့ကော်ပင်ကို စိုက်ပျိုးပေးကြပြီး မြေဆီသြဇာထည့်ကာ ရေစင်သွန်းလောင်း၍ နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။ ၁၀သိန်းကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဦးထွန်းမြင့်နိုင် (အေးရှားဝေါလ်ကုမ္ပဏီ)၊ ဦးတေဇ (ထူးထရိတ်ဒင်း)နှင့် ဦးစိုးမြင့် (ငွေဆင်ကုမ္ပဏီ)တို့က အလှူငွေကျပ် ၁၀သိန်းစီကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များသည် စေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့်

အဖွဲ့ဝင်များသည် စေတီတော် လိုဏ်အတွင်း လှည့်လည်ကြည်ညိုကြသည်။

ရေစင်သွန်းလောင်းပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် စေတီတော်ရင်ပြင်ရှိ ညောင်ပင်အား မြေဆီသြဇာထည့်၍ ရေစင်သွန်းလောင်းပေးကြသည်။ ဆက်လက်၍ စေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် စေတီတော်အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် အဘယသုခ သိမ်တော်၌ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ဘက်စုံပြုပြင်မှုလုပ်ငန်းများအတွက် ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၂၅

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း၊ အပြင် ဘက်စုံပြုပြင်တည်ဆောက်မှု လုပ်ငန်းများ စတင် ဆောင်ရွက်လျက်ရှိသည်။ တည်ဆောက်မှု လုပ်ငန်းများအတွက် ပါဝင်လှူဒါန်းလိုသူများသည် ကျိုက်သလ္လံစေတီတော်ရှိ ဖုန်း–၀၅၇–၂၁၃၃၄၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင် ဖုန်း–၀၅၇–၂၄၈၇၈နှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူးဦးခင်မောင်ဝင်း ဖုန်း–၀၅၇–၂၁၀၀၄တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်အတွက် အလှူငွေကျပ် ၁၀သိန်းကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြစဉ်။(သတင်းစဉ်)

စာပေရန်ပုံငွေ ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သည် စာပေရန်ပုံငွေအဖြစ် ငွေပဒေသာပင်စိုက်ထူ၍ စာရေးဆရာ၊ သတင်းစာဆရာ၊ ကာတွန်းဆရာများအတွက် နာမကျန်းထောက်ပံ့ငွေနှင့် နာရေးကူညီငွေများကို ကူညီထောက်ပံ့လျက်ရှိသည်။

၁၉၉၈ခုနှစ်မှစ၍ ၂၀–၇–၂၀၀၆ ရက်အထိ စာပေရန်ပုံငွေမှ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ၅၄၀အား နာမကျန်းထောက်ပံ့ငွေ ကျပ် ၈၄သိန်းခန့်နှင့် စာရေးဆရာ၊ သတင်းစာဆရာ၊ ကာတွန်းဆရာ ၃၃၁ဦးအတွက် နာရေးကူညီငွေ ကျပ် ၁၈သိန်းကျော် စုစုပေါင်းငွေကျပ် ၁၀၂သိန်း ကူညီထောက်ပံ့ပြီးဖြစ်သည်။

ဆက်လက်၍ နာမကျန်းထောက်ပံ့ငွေနှင့် နာရေးကူညီငွေများကို စနစ်တကျ တိုးမြှင့်ကူညီထောက်ပံ့ပေးရန် စီစဉ်လျက်ရှိပါသဖြင့် စာပေရန်ပုံငွေသို့ စာပေဝါသနာရှင်၊ စေတနာရှင်များကအလှူငွေလှူဒါန်းကြရန်နှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ် အမှတ်(၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း–၂၅၂၄၁၇နှင့် ၃၈၅၂၇၃တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောင်းလေဝေးဝေး မူးယစ်ဆေး

ကုံကော်ပင်စိုက်ပျိုး

ဇူလိုင် ၂၅ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ သုခမင်္ဂလာဆင်းရွှေလီ သာသနာ့ဗိမာန်တော်ကြီးရှေ့၌ ကုံကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်း-ရှေ့ဖုံး)(သတင်းစဉ်)

မြန်မာ့သစ်လုပ်ငန်းက ကျွန်းသစ်လုံးလပ်ပုံများ ဇူလိုင်လအတွက် တင်ဒါစနစ်ဖြင့် ရောင်းချမည်

ရန်ကုန် ဇူလိုင် ၂၅

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းက အတန်းအစား မြင့်သော ကျွန်းသစ်လုံး လပ်ပုံများကို အပြည်ပြည်ဆိုင်ရာ တင်ဒါစနစ်ဖြင့်လည်းကောင်း၊ အတန်းအစားနိမ့်သော ကျွန်းသစ်လုံးလပ်ပုံများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့်လည်းကောင်း လစဉ်ရောင်းချပေးလျက်ရှိရာ ဂျာမနီ၊ အီတလီ စသည့် ဥရောပနိုင်ငံများ၊ တရုတ်၊ အိန္ဒိယ စသည့် အာရှနိုင်ငံများနှင့် ပြည်တွင်းကုမ္ပဏီများက ဈေးပြိုင်ပေး၍ ဝယ်ယူလျက်ရှိကြသည်။

၂၀၀၆ ခုနှစ် ဇူလိုင် ၂၈ရက်တွင် ချိပ်ပိတ်တင်ဒါ၌ ကျွန်းသစ်လုံးတန် ၁၃၄၀ခန့်ကိုလည်းကောင်း၊ ဇူလိုင် ၃၁ ရက်တွင် အပြည်ပြည်ဆိုင်ရာတင်ဒါ၌ ကျွန်းသစ်လုံးတန် ၁၃၆၀ခန့်ကို လည်းကောင်း ရောင်းချမည်ဖြစ်ရာ ယခုလ ရောင်းချမည့် အတန်းအစားမြင့်သော ကျွန်းသစ်လုံးလပ်ပုံများကို ပြည်ပမှဝယ်ယူသူများက စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလျက်ရှိကြသည်။

၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်အတွင်း ဧပြီလတွင် တန် ၂၅၀၀ခန့်၊ မေလတွင် တန် ၂၆၀၀ခန့်၊ ဇွန်လတွင် တန် ၂၇၀၀ခန့်ရောင်းချခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းက အပြည်ပြည်ဆိုင်ရာ တင်ဒါစနစ်ဖြင့် ရောင်းချမည့် အတန်းအစားမြင့် ကျွန်းသစ်လုံးလပ်ပုံများအား ပြည်ပမှ ဝယ်ယူသူတစ်ဦး စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုစဉ်။ (သစ်တောရေးရာ)

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှကြီးမှူး၍ ကျိုက်တော်ရပ်ကွက်အသင်းခွဲ၏ ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်း ပို့ချနေခြင်းကို ဇူလိုင် ၂၃ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို၊ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးလှသိန်းတို့ ကြည့်ရှုအားပေးစဉ်။ (မိခင်/ကလေး)

ဉာဏ်ရည်မမီအားကစားအဖွဲ့ ထိုင်းနိုင်ငံမှပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဉာဏ်ရည်မမီ အားကစား (Special Olympics) အဖွဲ့မှ ဒုတိယဗိုလ်မှူးကြီးသန်းဇော် ဦးစီးသော ဘောလုံးအားကစား အဖွဲ့ဝင် ၁၅ဦးတို့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် ထိုင်း၊ မြန်မာ၊လာအို၊ ကမ္ဘောဒီးယား လေးနိုင်ငံ ဖိတ်ခေါ် ဉာဏ်ရည်မမီကလေးများ ဘောလုံးပြိုင်ပွဲသို့ ဇူလိုင် ၁၈ရက်တွင် သွားရောက် ယှဉ်ပြိုင်ခဲ့ရာမှ ဇူလိုင် ၂၃ရက်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

ယင်းပြိုင်ပွဲတွင် ဘောလုံးအသင်း ရှစ်သင်းတို့ ယှဉ်ပြိုင်ခဲ့ကြရာ မြန်မာအသင်းက စတုတ္ထရရှိပြီး ဘောလုံးစွမ်းရည်ဆုကို တစ်ဦးချင်းပေးအပ်ရာ ထိုင်းအသင်းမှတစ်ဦးက ပထမ၊ မြန်မာအသင်းမှမင်းဆွေထက်က ဒုတိယ၊ မင်းသက်ပိုင်က တတိယနှင့် ကျော်ဇင်လတ်က ဆဋ္ဌမဆုများ ရရှိခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အ င် တ ာ န က် သ တ င် း မျ ာ း

မော်တာရိုလာ အနာဂတ် မိုဘိုင်းလ်ဖုန်းများ ယာဟူးဝက်ဘ်ဆိုက်ဖြင့် ချိတ်ဆက်ထားမည်

ဆန်ဖရန်စစ္စကို ဇူလိုင် ၂၄

မော်တာရိုလာကုမ္ပဏီက အနာဂတ်တွင် ထုတ်လုပ်မည့် မိုဘိုင်းလ်ဖုန်းများကို အသုံးပြု၍ အင်တာနက် ယာဟူးဝက်ဘ်ဆိုက်တွင် သိလိုရာရာကိုရှာဖွေခြင်း၊ အီး-မေးလ်ပို့နိုင်ခြင်းနှင့် လိပ်စာများမှတ်သားနိုင်ခြင်းများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ယာဟူးအင်တာနက်ကုမ္ပဏီ အထက်တန်းတာဝန်ရှိသူတစ်ဦးက ဇူလိုင် ၂၄ရက်တွင် ပြောကြားသည်။



ယနေ့ကာလတွင် အင်တာနက် အခြေပြု တယ်လီဖုန်း ဝန်ဆောင်လုပ်ငန်းများ ခေတ်စားလာသည်။ အင်တာနက်ဖုန်း အသုံးပြုနေသူတစ်ဦးကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယာဟူး အင်တာနက်ကုမ္ပဏီနှင့် မော်တာရိုလာဆက်သွယ်ရေးကုမ္ပဏီတို့ ပူးပေါင်းလျက် အင်တာနက် သုံးစွဲနိုင်သော မိုဘိုင်းလ်ဖုန်းသစ်များ ထုတ်လုပ်ရန် အစီအစဉ်ရေးဆွဲထားပြီဖြစ်ကြောင်း ယာဟူးကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ မာကိုဘိုရီက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

အင်တာနက် သုံးစွဲလိုသူများသည် ပီစီကွန်ပျူတာဖြင့်သာမက မိုဘိုင်းလ်ဖုန်းဖြင့်ပါ အင်တာနက် ဝက်ဘ်ဆိုက်အတွင်းဝင်ရောက်ကာ သတင်းအချက်အလက်များရယူခြင်း၊ အီလက်ထရွန်နစ် စာပို့စနစ် သုံးစွဲခြင်းတို့အတွက် အလွယ်တကူ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ယာဟူးကုမ္ပဏီရှိ မိုဘိုင်းလ်အင်တာနက်လုပ်ငန်းအကြီးအကဲ ဘိုရီက ပြောကြားသည်။

လာမည့်နှစ်မှစ၍ အာရှ၊ ဥရောပနှင့်အမေရိကန်နိုင်ငံတို့ရှိ မော်တာရိုလာမိုဘိုင်းလ်ဖုန်း သုံးစွဲသူများသည် မိုဘိုင်းလ်ဖုန်းဖြင့် ယာဟူးအင်တာနက်ဝက်ဘ်ဆိုက် အသုံးပြုလာနိုင်ရန် မိမိတို့အစီအစဉ် ရေးဆွဲထားကြောင်း၊ ကမ္ဘာ့မိုဘိုင်းလ် ဖုန်းဈေးကွက်တွင် လူသန်းပေါင်းများစွာက အင်တာနက် အသုံးပြုနိုင်သော မိုဘိုင်းလ်ဖုန်းများကို အသုံးပြုလာနိုင်မည်ဖြစ်ကြောင်း အီလီနွိုက်ပြည်နယ် အခြေစိုက် မော်တာရိုလာကုမ္ပဏီက ပြောကြားသည်။ မော်တာရိုလာ ကုမ္ပဏီသည် ကမ္ဘာပေါ်တွင် မိုဘိုင်းလ်ဖုန်းထုတ်လုပ်ရေး ကုမ္ပဏီများအနက် ဒုတိယအကြီးဆုံးဖြစ်သည်။ ***အင်တာနက်။***

ထိုင်းတွင်ဆေးထိုးသားဖောက်နည်းဖြင့် ဆင်ကောင်ရေ တိုးပွားရန် စမ်းသပ်နေ

ဗန်ကောက် ဇူလိုင် ၂၅

ထိုင်းနိုင်ငံ၌ လျော့နည်းလာလျက်ရှိသော ဆင်ကောင်ရေကို ပြန်လည်တိုးပွားရန် ရည်ရွယ်ချက်ဖြင့် ချင်းမိုင်တက္ကသိုလ်မှ တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် ဆင်ရိုင်းထိန်းသိမ်းသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဆင်မများအား ဆေးထိုးသားဖောက်နည်းဖြင့် မျိုးပွားမည်ဖြစ်သည်။ ယမန်နှစ်က ထိုင်းနိုင်ငံမြောက်ပိုင်းရှိ လမ်ပန်ဆင်ထိန်းသိမ်းရေးစခန်းတွင် ပလိုင်ကော့ဒ်အမည်ရှိ ဆင်မတစ်ကောင်ကို ဆေးထိုးသားဖောက်နည်းသုံး၍ အောင်မြင်စွာ သားတင်ပေးနိုင်ခဲ့သည်။ ထိုဆင်မက ဆင်သားလောင်းကလေးကို လွယ်ထားသည်မှာ ယခုအခါ ၁၃လရှိခဲ့ပြီဖြစ်သည်။ ထိုဆင်မသာ အောင်အောင်မြင်မြင် မွေးဖွားနိုင်ခဲ့လျှင် ယင်းဆင်သားပေါက်ကလေးသည် ထိုင်းနိုင်ငံအတွက် ဆေးထိုးသားဖောက်နည်းဖြင့် ပထမဆုံးမွေးဖွားပေးသော ဆင်ကလေးဖြစ်လာဖွယ်ရာရှိသည်ဟု ဆိုသည်။ ***အင်တာနက်။***

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၇-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၅** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၃၀** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၅၀** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၅:၀၀။** ၆။ မျိုးချစ်တပ်မတော်
- **၅:၁၀** ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- **၅:၂၀** ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၃၀** ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၀** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသ သတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၅** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့အိမ်ကလေး" (အပိုင်း-၅၈)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၁၉။ **English Usage**
  - ၂၀။ ဗွီစီဒီကျော်ကြားတေးများ
  - ၂၁။ **အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ** မဟာဂန္ဓာရုံမှာဆရာတကာညီညွတ်စွာ
  - ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
  - ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း လက်မတင်ကလေး (အပိုင်း-၁၉)**
  - ၂၄။ သင့်အတွက်မနက်ဖြန်
  - ၂၅။ အပိတ်နှုတ်ဆက်စကား
  - ၂၆။ ပြီးပါပြီ။

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း မော်လ်ဒိုက်ဗ်နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

၂၀၀၆ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၁)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာအာမက်ရှာဟီဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းအား အမေရိကန်နိုင်ငံ ဂျော့ချ်တောင်းတက္ကသိုလ်မှ ပါမောက္ခ ဒေးဗစ်အိုင်စတိန်းဘတ် လာရောက်တွေ့ဆုံ

တွေ့ဆုံ

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အမေရိကန်နိုင်ငံ Georgetown University မှ Prof. David I. Steinberg လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

နေပြည်တော် ဇူလိုင် ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းအား အမေရိကန်နိုင်ငံ Georgetown University မှ Prof. David I. Steinberg သည် ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း ဌာနတွင်း သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၏ ဌာနတွင်း အာမခံသင်တန်း အမှတ်စဉ်(၁၄/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)တွင် ယနေ့ နံနက် ၉နာရီခွဲ၌ ကျင်းပသည်။

အခမ်းအနားတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ၊ ပြည်နယ်၊တိုင်း၊ ခရိုင်ရုံးများနှင့် ရုံးချုပ်မှ သင်တန်းသား ဝန်ထမ်းများ တက်ရောက်ကြသည်။

တက်ရောက်

သင်တန်းသို့ သင်တန်းသား ၆၀ တက်ရောက်ပြီး ရက်သတ္တ သုံးပတ်ကြာ ပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လက်နက်ခဲယမ်းများ

တမန်တော်တပ်ဖွဲ့ခေါင်းဆောင် ဂျော်နီတူးဦးစီး ၁၀ဦးတို့ ယူဆောင်လာသော လက်နက်ခဲယမ်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

လက်နက်ချ အလင်းဝင်ရောက်လာသည့် တမန်တော်တပ်ဖွဲ့ ခေါင်းဆောင် ဂျော်နီတူး ဦးစီး ၁၀ ဦးအား တွေ့ရစဉ်။ (သတင်းစဉ်)

▲ ကျောဖုံးမှ

ဂျော်နီတူးနှင့်အတူ အလင်းဝင်ရောက်လာကြသည့် အဖွဲ့ဝင်ရှစ်ဦးမှာ စည်းရုံးရေး တပ်ခွဲမှူးအဆင့်ရှိ ဖူးဂေါ်၊ ရုံးထိုင် တပ်ခွဲမှူးအဆင့်ရှိ စောလဲထူး၊ ရိက္ခာနှင့် ပို့ဆောင်ရေးတာဝန်ခံအဆင့်ရှိ ခွန်ဖ၊ တပ်ကြပ်အဆင့်ရှိ စောကျေးခူ၊ ဒုတပ်ကြပ်အဆင့်ရှိ စောနေတူး၊ ဆေးတပ်သားစောဒို၊ တပ်သား စောအယ်ရှဲနှင့် တပ်သား စောလူတို့ဖြစ်ပြီး ၎င်းတို့သည် တစ်ဖက်နိုင်ငံရှိ ခလော့ခနီ ဒုက္ခသည်စခန်းမှ ဇူလိုင် ၁၃ရက်တွင် ထွက်ခွာ၍ မိမိတပ်စခန်းသို့ အလင်းဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။

ပံ့ပိုးကူညီ

ယခုကဲ့သို့ အမြင်မှန်၊ အသိမှန်ဖြင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး အလင်းဝင်ရောက်လာသည့် တမန်တော်တပ်ဖွဲ့ (God Army) သောင်းကျန်းသူအဖွဲ့မှ ဂျော်နီတူးဦးစီးအဖွဲ့ဝင်များအား နယ်မြေခံတပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက နွေးထွေးလှိုက်လှဲစွာကြိုဆို၍ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အလားတူ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်လိုသော တိုင်းရင်းသားအဖွဲ့များလည်း ရှိနေကြောင်း သိရှိရသည်။ (သတင်းစဉ်)

အပြုံကို အနက်ဆိုးသူများအား ဆန့်ကျင်ပယ်ရှားချေမှုန်းကြပါစို့

ကေတုနီလာ

မြင်နေရသော မြန်မာ့ရုပ်မြင်သံကြားမှ ပုံရိပ်တို့သည် ကြည်နူးနှစ်သိမ့်၊ နှလုံးသည်းခြေစိမ့်မျှ တသိမ့်သိမ့်ခံစားရသည်။ ရင်၌ လှုပ်ခတ်လာသော ဝမ်းမြောက်ကြည်နူးရမှုကြောင့် မျက်ဝန်းတစ်ခိုတွင် မျက်ရည်များ တစိမ့်စိမ့်စို့ရွဲလာသည်။

အမှောင်မှအလင်း၊ အမှားမှအမှန်သို့ ရှေးရှူဦးတည်လာသော သူတို့အားလုံး၏ ခြေလှမ်းများသည် သူတို့၏ဒေသ၊ သူတို့ တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို သယ်ပိုးကြမည့် တက်ကြွသောအားမာန်ကို ဆောင်ယူထားကြသဖြင့် သွက်လက်လှသည်။ ခိုင်မတ်သော ခန္ဓာကိုယ်နှင့် ပြတ်သားသော မျက်နှာတို့သည် အနာဂတ်အတွက် ရဲရင့်သော အဆုံးအဖြတ်၏ နိမိတ်ပုံလည်းဖြစ်သည်။

ထို့အတူပင် သူတို့၏ လာရာလမ်းတစ်လျှောက်လုံးတွင် ကြိုဆိုနေသော ဒေသခံတိုင်းရင်းသားများကလည်း ခရီးဝေးမှ ပြန်ရောက်လာသော မိသားစုဝင် ဦးလေးသားချင်း မောင်ဖားအရင်း၊ အစ်ကိုရင်းများအား ဝမ်းပန်းတသာ လှိုက်လှဲပျူငှာ ကြိုဆိုနေကြသကဲ့သို့ နွေးထွေးသော အပြုံးရိပ်ကိုယ်စီဖြင့် ပန်းကုံး၊ ပန်းစည်းများဖြင့် လက်ကမ်းလျက် ငြိမ်းချမ်းသောအရိပ်တွင် ခွေးသိပ်အေးမြစေခဲ့သည်။

ဤသည်တို့မှာ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့က ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့တွင် ကျင်းပသော ရှမ်းပြည်တပ်မတော် (တောင်ပိုင်း)(SSA-S) သူပုန်အဖွဲ့မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ (၇၅၈) တပ်မဟာမှူး ဦးမိန်းစင် ဦးစီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင် ၈၄၈ ဦးတို့၏ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသော အခမ်းအနားအား ၂၀၀၆ ခုနှစ် ဇူလိုင် ၁၇ ရက်နေ့ ည ၈ နာရီတွင် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည့် သတင်းပုံရိပ်များပင်ဖြစ်သည်။

ယင်းသတင်းပုံရိပ်များသည် နိုင်ငံနှင့်အဝန်း တည်ငြိမ်အေးချမ်းလိုကြသော၊ လက်ရှိတည်ငြိမ်အေးချမ်းမှုကို မပျက်ပြားလိုသော မြန်မာတိုင်းရင်းသားပြည်သူတို့အား နှလုံးစိတ်ဝမ်းအေးချမ်းစေခဲ့သည်။ နိုင်ငံတော်၏ အနာဂတ်ကာလခရီးအတွက် အင်အားတစ်ရပ်ကို ဆောင်ယူလာခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့၏ အလင်းရောင်လည်းဖြစ်သည်။

အကြောင်းမူ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း)(SSA-S) သူပုန်အဖွဲ့မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင်က လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်းဝင်ရောက်လာသော အကြောင်းရင်းကို ရှင်းလင်းတင်ပြရာတွင် အဓိကကျသောအချက်အလက်များအဖြစ် **"သူပုန်ဆစ်၏ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုလုပ်ငန်းကို လုံးဝလက်မခံနိုင်ခြင်း၊ သူပုန်ဆစ်၏ အကြမ်းဖက်ဝါဒအရ အပြစ်မဲ့ပြည်သူတွေကို အစုလိုက်အပြုံလိုက် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခြင်း၊ ရွာကိုမီးရှို့ဖျက်ဆီးခြင်း၊ ခေါင်းဆောင်များက မိန်းမလိုက်စားပြီး အမျိုးသမီးငယ်များအား ဖျက်ဆီးခြင်း၊ ရှမ်းပြည်နယ်အတွင်း အတူတကွနေထိုင်ကြသော ပအိုဝ်းတိုင်းရင်းသားများကို ရန်ပြုရုံသာမက မောင်းထုတ်ခြင်းတို့ဖြင့် တပ်ဖွဲ့၏ဂုဏ်ကို ထိခိုက်စေသည့်အတွက် အတန်တန်တားသော်လည်း မရ၍ စိတ်ပျက်ခြင်း၊ တပ်မတော်အစိုးရနှင့်ပြည်သူတို့ လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးများကို အောင်အောင်မြင်မြင် ဆောင်ရွက်နေကြသည့်အတွက် ပင်လုံတက္ကသိုလ်၊ ပင်လုံအစိုးရနည်းပညာကောလိပ်၊ ပင်လုံကွန်ပျူတာကောလိပ်တို့ကိုတွေ့ရှိရသဖြင့် နယ်မြေငြိမ်းချမ်းမှ ဖွံ့ဖြိုးတိုးတက်မည်ကို သဘောပေါက်လာခြင်း၊ နှစ်ပေါင်း ၂၀ကျော် လက်နက်ကိုင်လမ်းစဉ်ကို ကျင့်သုံးခဲ့ခြင်းဖြင့် ပြည်သူလူထုအတွက် လုံးဝအကျိုးမရှိဘဲ နှိပ်စက်ကလူပြုမှုရာရောက်နေသည်တို့ကို သိမြင်လာခြင်း"** တို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည့်အပြင် သူပုန်ဆစ်ကိုယ်တိုင် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုများ၊ သယ်ယူဖြန့်ဖြူးမှုများနှင့်အတူ သူပုန်ဆစ်အဖွဲ့က ကျေးရွာများအား မီးရှို့ဖျက်ဆီးမှုများ၊ ကျေးရွာနေတိုင်းရင်းသားများကို သတ်ဖြတ်မှုများ၊ ခရီးသွားတိုင်းရင်းသား ပြည်သူများအား လုယက်၊ သတ်ဖြတ်၊ ဆက်ကြေးကောက်ခြင်းနှင့် အဓမ္မပြုကျင့်မှုများ၊ ငွေစက္ကူ ၅၀၀ ကျပ်တန် အတုလုပ်မှုများကို နေရာဒေသ၊ နေ့ရက်တို့နှင့်တကွ အကျယ်တဝင့် ဖော်ထုတ်တင်ပြသွားခဲ့သည်။

တပ်မဟာ (၇၅၈) တပ်မဟာမှူး ဦးမိန်းစင် ဦးစီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ဝင်များအား လဲချားမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ပန်းကုံးများ၊ ပန်းစည်းများ ကမ်းလှမ်း၍ ဝမ်းပန်းတသာ ကြိုဆိုကြစဉ်။

ထိုနည်းတူ ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S) သူပုန်ဆစ်အဖွဲ့ တပ်မဟာ(၇၅၈) ဒုတပ်မဟာမှူး ဦးစိုင်းတနှင့် စစ်ကြောင်းမှူး ဦးစိုင်းရန်းတို့ကလည်း **"သူပုန်ဆစ်၏ လူမဆန်သော အကြမ်းဖက်မှု၊ ဘိန်းမှောင်ခိုကူးမှု၊ ဆက်ကြေးတောင်းမှု၊ လက်တွေ့မှာ ရှမ်းလူထု ဒုက္ခရောက်နေမှုတို့ကြောင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ရှမ်းပြည်နယ်ကောင်းစားရေးအတွက် အစိုးရနှင့်လက်တွဲဆောင်ရွက်မည်ဟု ဆုံးဖြတ်ခဲ့ကြောင်း၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာရခြင်းအတွက် လပြည့်ညမှာသာတဲ့လမင်းလို ရင်ထဲ၌ အေးချမ်းပြီးလင်းထိန်သွားကြောင်း"** စသည်ဖြင့် သူတို့၏ ဖြတ်သန်းမှု အတွေ့အကြုံများနှင့် ခံစားရမှုများကို ပွင့်ပွင့်လင်းလင်း ရိုးသားစွာ ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းအပြင် ဒေသခံပြည်သူများကိုယ်စား ရှမ်းတိုင်းရင်းသူ နန်းလှိုင်ခမ်းကလည်း **"ဒီမြေဒီရေ၊ ဒီဒေသမှာ မွေးဖွားကြီးပြင်းပြီး လူလားမြောက်လာခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ ဒီနေ့ဟာ ကျွန်မအတွက် ဝမ်းသာပီတိဖြစ်ရတဲ့နေ့၊ မင်္ဂလာအရှိဆုံးနေ့၊ အပျော်ရွှင်ရဆုံးနေ့ရက်ဖြစ်သလို တိုင်းရင်းသား မိဘပြည်သူတွေအားလုံးအတွက်လည်း ပျော်ရွှင်စရာအကောင်းဆုံး နေ့ရက်ဖြစ်မယ်ဆိုတာ ယုံကြည်မိကြောင်း၊ ကျွန်မတို့တိုင်းရင်းသားညီအစ်ကို မောင်နှမများဟာ ရှေးယခင်က အေးချမ်းစွာ အတူနေထိုင်လာခဲ့ကြပေမယ့် ကိုလိုနီအမွေဆိုးကြောင့် တိုင်းရင်းသားအချို့ဟာ ယုံကြည်ချက်၊ ခံယူချက်လွဲမှားပြီး လက်နက်ကိုင်ဆူပူထကြွခဲ့ကြလို့ အေးချမ်းမှုကင်းပြီး စိုးရိမ်ထိတ်လန့်မှု၊ ဝမ်းနည်းပူဆွေးမှု သောကများနဲ့ ဒုက္ခပင်လယ်ဝေခဲ့ရကြောင်း၊ မတည်ငြိမ်၊ မအေးချမ်းတဲ့ ကျွန်မတို့ဒေသမှာ သေနတ်သံတွေကြားထဲက စားဝတ်နေရေးအတွက် ကြိုးလန့်စာစားလုပ်ကိုင်ခဲ့ကြရကြောင်း၊ ရရှိလာတဲ့ အကျိုးရလဒ်ကိုလည်း ပြည့်ပြည့်ဝဝ မခံစားရဘဲ စေတနာမပါတဲ့ ပေးကမ်းခြင်းမျိုးနဲ့ ဆက်ကြေးများပေးခဲ့ရကြောင်း၊ သောင်းကျန်းသူများသည် ဆက်ကြေးများကိုသာ ကောက်ခံပြီး ဒေသအကျိုးမပြုခဲ့ကြောင်း၊ ဝမ်းရေးအတွက် ပေါက်ပြားသုံးချက်ပေါက်တိုင်း တစ်ချက်စာသာ ခံစားရပြီး နှစ်ချက်စာဟာ သောင်းကျန်းသူတွေအတွက် ဆက်ကြေးအဖြစ် ရောက်ခဲ့ရကြောင်း"** တို့အပြင် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုမရှိသဖြင့် ပညာရေး၊ ကျန်းမာရေးအဆင့်များ နိမ့်ကျရသော အခြေအနေများ၊ သမိုင်းဝင် ဘာသာရေးအဆောက်အအုံများဖြစ်သော ဘုရားပုထိုးစေတီကျောင်းကန်များ ပျက်စီးရသော အခြေအနေများ၊ သောင်းကျန်းသူများကြောင့် ချွေးနဲ့စာ ငွေကြေးပါမက အသက်ပါဆုံးရှုံးရမှုများ စသည့်ဆူပူသောင်းကျန်းမှုဒဏ်များအား တိုင်းရင်းသားပြည်သူများ ခါးစည်းခံနေရသည်တို့ကို ရှင်းလင်းတင်ပြပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်လာသည့် အခြေအနေအရပ်ရပ်တို့ကို နားလည်သိမြင်စွာဖြင့် ဒေသအကျိုး၊ လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်ကြရန်အတွက် ယနေ့အချိန်အထိ သံသယစိတ်နှင့် လက်နက်စွဲကိုင်နေကြသော ဦးလေး၊ အစ်ကို၊ မောင်တွေအားလုံး အမှားကိုမြင်၊ အမှန်ကိုပြင်ပြီး ဦးမိန်းစင်ကဲ့သို့ မိဘပြည်သူများ၏ နွေးထွေးသော ရင်ခွင်ကို ခိုလှုံဝင်ရောက်၍ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ကြရန် ဖိတ်ခေါ်တိုက်တွန်းခဲ့သည်။

ဆိုရလျှင် ဦးမိန်းစင်နှင့် ဦးစိုင်းတ၊ ဦးစိုင်းရန်းတို့သည် သူတို့ဖြတ်သန်းလာခဲ့သော အနှစ်၂၀ကျော်ကြာ လက်နက်ကိုင်လမ်းစဉ်၏အနိဋ္ဌာရုံ အတွေ့အကြုံများနှင့်အတူ ရှမ်းပြည်နယ်ကောင်းစားရေး၊ ရှမ်းလူထုကောင်းစားရေး၊ ဒီမိုကရေစီရေးတို့ကို ကြွေးကြော်ပြီး လက်တွေ့ပြည်သူ့ဘဝနယ်ပယ်တွင်

☆ ဦးမိန်းစင်နှင့် ဦးစိုင်းတ၊ ဦးစိုင်းရန်းတို့သည် သူတို့ဖြတ်သန်းလာခဲ့သော အနှစ်၂၀ကျော်ကြာ လက်နက်ကိုင်လမ်းစဉ်၏အနိဋ္ဌာရုံ အတွေ့အကြုံများနှင့်အတူ ရှမ်းပြည်နယ်ကောင်းစားရေး၊ ရှမ်းလူထုကောင်းစားရေး၊ ဒီမိုကရေစီရေးတို့ကို ကြွေးကြော်ပြီး လက်တွေ့ပြည်သူ့ဘဝနယ်ပယ်တွင် ရှမ်းပြည်နယ်နှင့် ရှမ်းလူထုကောင်းစားရေး၊ ဒီမိုကရေစီရေးတို့မှာ မည်သို့မျှ အကောင်အထည်မဖော်နိုင်ဘဲ သူပုန်ဆစ်နှင့် အပေါင်းပါတို့၏ ကိုယ်ကျိုးစီးပွားရှာဖွေမှုအတွက် အသုံးချခံနေရသည့် သားကောင်ဘဝသို့ရောက်နေကြရသော ဘဝမှန်ကို ခံစားသိမြင်လာခဲ့ကြ။

☆ အခြားတစ်ဖက်တွင်လည်း ငြိမ်းချမ်းရေးရယူပြီးဖြစ်သော ဘဝတူ လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များ၏ ဒေသများမှ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေး၊ လူမှုရေးအခြေအနေများအား တအံ့တသြ တွေ့မြင်လာခဲ့ကြ။ ဒေသတည်ငြိမ်အေးချမ်းမှုသည် ယင်းဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကျောရိုးဖြစ်သည်ကို နားလည်လာခဲ့ကြ။

☆ နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသားများအပေါ်ထားရှိသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေး သဘောထားရပ်တည်ချက်နှင့် လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်မှုကိုလည်း သဘောပေါက်စွာ သက်ဝင်ယုံကြည်လာခဲ့ကြ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တပ်မဟာ (၇၅၈) တပ်မဟာမှူး ဦးမိန်းစင်အား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ရှမ်းပြည်နယ်နှင့် ရှမ်းလူထုကောင်းစားရေး၊ ဒီမိုကရေစီရေးတို့မှာ မည်သို့မျှ အကောင်အထည်မဖော်နိုင်ဘဲ ရွက်ဆစ်နှင့် အပေါင်းပါတို့၏ ကိုယ်ကျိုးစီးပွား ရှာဖွေမှုအတွက် အသုံးချခံနေရသည့် သားကောင်ဘဝသို့ ရောက်နေကြရသော ဘဝမှန်ကို ခံစားသိမြင်လာခဲ့ကြသည်။

အခြားတစ်ဖက်တွင်လည်း ငြိမ်းချမ်းရေးရယူပြီးဖြစ်သော ဘဝတူ လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များ၏ ဒေသများမှ တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေး၊ လူမှုရေးအခြေအနေများအား တအံ့တသြ တွေ့မြင်လာခဲ့ကြသည်။ ဒေသတည်ငြိမ်အေးချမ်းမှုသည် ယင်းဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကျောရိုးဖြစ်သည်ကို နားလည်လာခဲ့ကြသည်။ နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသားများအပေါ်ထားရှိသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေး သဘောထားရပ်တည်ချက်နှင့် လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်မှုကိုလည်း သဘောပေါက်စွာ သက်ဝင်ယုံကြည်လာခဲ့ကြသည်။

မိမိဒေသနှင့် မိမိလူမျိုး၏ အကျိုးစီးပွားကို မိမိတို့ကိုယ်တိုင် ပါဝင် အကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့၏ ရည်မှန်းချက်၊ ယုံကြည်ချက်ဖြစ်သည့် ရှမ်းပြည်နယ်လူထုနှင့် ရှမ်းပြည်နယ်ကောင်းစားရေးကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဖြစ်သည်ကိုလည်း ဦးမိန်းစင်နှင့် အဖွဲ့သည် မျက်ဝါးထင်ထင်မြင်နေရသော ပတ်ဝန်းကျင် အခြေအနေ အရပ်ရပ်အရ မှန်ကန်ရဲရင့်ပြတ်သားစွာ ဆုံးဖြတ်နိုင်ခဲ့ကြသည်။ လက်နက်ကိုင်လမ်းစဉ်၏ အနိဋ္ဌာရုံတရားများ၊ ခါးသီးကြမ်းတမ်း ရက်စက်သော အတွေ့အကြုံများသည် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ရန်မှတစ်ပါး အခြားသော ရွေးချယ်စရာလမ်းမရှိသည်ကို အခိုင်အမာ နားလည်သိမြင်လာခဲ့ကြသည်။

ထို့ကြောင့်ပင် ဦးမိန်းစင်နှင့် အဖွဲ့သည် အမှောင်မှအလင်းသို့ ရောက်လာခဲ့ကြသည်။ အမှားကိုစွန့်လွှတ်ပြီး အမှန်တရားကို ပြတ်သားရဲရင့်စွာ လက်ခံလာခဲ့ကြသည်။ နိုင်ငံတော်၏ စေတနာနှင့်အတူ တပ်မတော်၏ ရိုးသားရှင်းသန့်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး သဘောထားများနှင့်တကွ တိုင်းရင်းသားပြည်သူတို့၏ နွေးထွေးလှိုက်လှဲသော လက်ကမ်းကြိုဆိုမှုများဖြင့်ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S) ရွက်ဆစ်အဖွဲ့မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ (၇၅၈) တပ်မဟာမှူး ဦးမိန်းစင် ဦးစီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင် ၈၄၈ ဦးသည် အိမ်အပြန်လှခဲ့ပြီဖြစ်သည်။

သူတို့ကို မွေးဖွားရှင်သန်ကြီးပြင်းစေခဲ့သော၊ သူတို့၏ မွေးရပ်ဒေသနှင့် သူတို့ ချစ်မြတ်နိုးသော သူတို့၏ အမျိုးအနွယ်တို့ကို စောင့်ရှောက်ကာကွယ်လျက် ဒေသနှင့် လူမျိုး၏ အကျိုးစီးပွားကို အေးချမ်းစွာ သယ်ပိုးဆောင်ရွက်နိုင်ကြပြီဖြစ်သည်။

စင်စစ် လောကတွင် အပြုနှင့်အဖျက်သည် ဆန့်ကျင်စွာရှိကြသည်။အမှန်နှင့်အမှားသည် ခြားနားစွာဖြစ်တည်လျက်ရှိသည်။ တည်ဆောက်သူနှင့် ဖျက်ဆီးသူသည် မတူညီသော သဘောထားနှင့် ရပ်တည်မှုရှိကြမြဲဖြစ်သည်။

ဤသို့အားဖြင့် ရှမ်းပြည်နယ်ဒေသတွင် ၂၀၀၅ ခုနှစ် နှစ်လယ်ပိုင်းလောက်ကစပြီး ရှိနေပြီးဖြစ်သည့် ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA)မှ ဦးကန်နဦးစီးသော တပ်မဟာ(၁၁)တပ်ဖွဲ့ဝင်များ၊ ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့(PSLA)မှ ဦးအိုက်မုန်းဦးစီးသောတပ်ဖွဲ့ဝင်များ၊ ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA)မှ ဦးဂုဏ်ခေး ဦးစီးသည့် တပ်မဟာ(၁၉)တပ်ဖွဲ့ဝင်များသည် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြပြီးဖြစ်သည်။

ထို့အတူပင် ၂၀၀၆ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S) ရွက်ဆစ်အဖွဲ့မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင်နှင့် တပ်ဖွဲ့ဝင် ၈၄၈ဦးတို့က လက်နက်ကြီးမျိုးစုံ ၂၄လက်၊ လက်နက်ငယ်မျိုးစုံ ၈၃၄ လက်၊ ကျည်ကတ်မျိုးစုံ ၁၉၉၀၊ ခဲယမ်းမျိုးစုံ ၁၅၇၉၇၁တောင့်၊ လက်ပစ်ဗုံး ၅၅လုံး၊ မိုင်း ၆၃လုံး၊ ဆက်သွယ်ရေးစက်ကြီး ၁၅လုံးနှင့် လမ်းလျှောက်စကားပြောစက် ၁၂၀တို့ကိုပါ တစ်ပါတည်း ယူဆောင်ပြီး နိုင်ငံတော်အစိုးရထံ အပ်နှံ၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။

ယင်းဖြစ်စဉ်များသည် ရှမ်းပြည်နယ်တစ်ခွင်လုံး ငြိမ်းချမ်းရေး အလင်းရောင် ဖြန့်ကြက်လာသော မိုးသောက်အရုဏ်ဦးပင် ဖြစ်သည်။ ရှမ်းပြည်နယ်ဒေသတွင်းရှိ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော မောင်းနှင်ရေးအားလည်း ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုအင်အားသည် ဖွံ့ဖြိုးတိုးတက်ရေးခရီးလမ်းကို အားကောင်းမောင်းသန်စွာဖြင့် ဖြတ်သန်းလာခဲ့ပြီဖြစ်သည်။

သို့သော်လည်း လောဘ၊ ဒေါသ၊ မောဟတိမ်သလ္လာများ ဖုံးလွှမ်းနေသည့် နယ်ချဲ့သြဇာခံ တစ်ယူသန်အဖျက်သမား သစ္စာဖောက်များသည် ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်စွာ မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိလူမျိုးတို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်စိတ်တည်း တစ်ဝမ်းတည်း လက်တွဲပေါင်းစည်း ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေများ၊ ရှမ်းပြည်နယ်တစ်ခွင်လုံး ငြိမ်းချမ်းသာယာပြီး အဘက်ဘက်၌ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသော အခြေအနေများကို အမှန်ပကတိ အရှိတရားအတိုင်း ရဲရဲဝံ့ဝံ့ မကြည့်ရဲ မရှုရဲကြသဖြင့် ပြည်သူများနှင့် တဖြည်းဖြည်း ဝေးကွာခဲ့ကြသည်။ ယင်းအခြေအနေကို လေ့လာဆင်ခြင်ပြီး အမှားကိုပြင်၊ အမှန်မြင်ခြင်းမရှိဘဲ နိုင်ငံတော်အစိုးရကို သိက္ခာချသည့်သဘောဖြင့် ရှမ်းပြည်နယ်ကြီး ဆုတ်ယုတ်နေသည်ဟူ၍လည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးမှုကို ထိထိရောက်ရောက် မလုပ်ဟူ၍လည်းကောင်း၊ ရှမ်းတိုင်းရင်းသူများကို မတရားပြုကျင့်သည်ဟူ၍လည်းကောင်း၊ လူကုန်ကူးခံနေရသည်ဟူ၍လည်းကောင်း နိုင်ငံရေးအရ လုပ်ကြံဖန်တီး ပုတ်ခတ်မှုများဖြင့် နိုင်ငံတကာက အထင်အမြင်လွဲမှားလာစေရန် စွပ်စွဲလျက်ရှိကြသည်။ ယင်းအပြင် ပြည်ထောင်စုကြီးအတွက် အန္တရာယ်အများဆုံးဖြစ်သော တစ်ယူသန်လူမျိုးရေး အစွဲအလမ်းများ၊ သံသယနှင့် အာဃာတများ တိုင်းရင်းသားလူမျိုးများအတွင်း ဝင်ရောက်ပူးကပ်လာစေရန် အခြေအမြစ်မဲ့၊ ယုတ္တိမဲ့သော နိုင်ငံရေးပယောဂ လုပ်ကြံမှုများဖြင့် သွေးခွဲသပ်လျှိုလျက်ရှိသည်။

ဆိုရလျှင် လွတ်လပ်ရေးရပြီးသည်မှစ၍ နှစ်ပေါင်း ၅၀ ဝန်းကျင်အတွင်း ရှမ်းပြည်နယ်လူထုသည် နယ်ချဲ့ကိုလိုနီခေတ်၏ အမွေဆိုးအဖြစ်ကျန်ရှိနေခဲ့သော ပဒေသရာဇ်လောင်းရိပ် ဖိနှိပ်ခြယ်လှယ်မှုအောက်တွင် ကြောက်ရွံ့ထိတ်လန့်စွာ နေထိုင်လာခဲ့ကြရသည့်အပြင် နယ်ချဲ့သြဇာခံ တစ်ယူသန်လူမျိုးရေးဝါဒီတို့၏ လက်နက်ကိုင် ဆူပူသောင်းကျန်းမှုဒဏ်ကိုလည်း ခါးစည်းခံခဲ့ကြရသည်။ ပြည်ပကူမင်တန် တရုတ်ဖြူတို့၏ ကျူးကျော်မှုစစ်တလင်းတွင် နင်းချေခြင်းခံခဲ့ကြရသည်။ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)တို့၏ အယူဝါဒမှိုင်းအောက်တွင်လည်း အမှောင်ဘဝသို့ ကျရောက်ခဲ့ကြသည်။ သေနတ်သံနှင့်ကျည်ဆန်များအကြား ပရိယေသနဝမ်းစာကို ကြီးလန့်စာစားရှာဖွေစားသောက်ခဲ့ရသည်။ ပြာပုံအတိ လွှမ်းနေသော ကျောင်းစာသင်ခန်းများ၊ ဘုရားပုထိုးစေတီကျောင်းကန်များ အပါအဝင် ယမ်းငွေ့နှင့်သွေးညှီနံ့တို့ကြားမှ အနိဋ္ဌာရုံ အငွေ့အသက်များ ပျံ့လွင့်နေသည့် တောင်ယာစိုက်ခင်းနှင့်လယ်ယာမြေများသည် ရှမ်းပြည်နယ်ဒေသနှင့် ရှမ်းပြည်နယ်လူထု၏ ဘဝပုံရိပ်ဝန်းကျင်ဖြစ်ခဲ့သည်။ တရားဥပဒေမဲ့စွာ အနိုင်ကျင့်မှု၊ အကြမ်းဖက်မှုတို့သည် ရှမ်းပြည်နယ်လူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုအား အရိပ်မည်းပမာ အမြဲတမ်း ခြောက်လှန့်နေခဲ့သည်။

ယင်းဖြစ်စဉ်များနှင့် ပတ်သက်ပြီး ၂၀၀၆ခုနှစ် ဇူလိုင်လ၁၇ရက်နေ့က ကျင်းပခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ အေးသာယာမြို့ အစိုးရနည်းပညာကောလိပ် ပင်မသုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရည်ညွှန်းသုံးသပ်ပြီးမိန့်ကြားခဲ့သည်မှာ **“ကိုလိုနီနယ်ချဲ့တို့၏ ပြည်နယ်ပြည်မခွဲခြားပြီး သွေးခွဲ အုပ်ချုပ်မှု၊ မူးယစ်ဆေးဝါး သံသရာထဲ နစ်မွန်းခဲ့ရမှု၊ ပဒေသရာဇ်စနစ်လောင်းရိပ်အောက်၌ နှစ်ပေါင်းရှည်ကြာစွာ ခြွင်းချန်ထားခံရမှု၊ ကူမင်တန်တရုတ်ဖြူတို့၏ ကျူးကျော်ခံရမှု၊ ဗမာပြည်ကွန်မြူနစ်ပါတီ၏ လွှမ်းမိုးစိုးမိုးခံရမှုတို့ကြောင့် အယူဝါဒရေး၊ ဂိုဏ်းဂဏရေး၊ တစ်ယူသန်လူမျိုးရေး၊ ပုဂ္ဂိုလ်ရေး အစွဲအလမ်းများ တိုးပွားလာခဲ့ရပြီး ရှမ်းပြည်နယ်သည် လက်နက်ကိုင်ဆန့်ကျင်မှု ပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ လုံခြုံရေး ကင်းမဲ့မှုကြောင့် ဖွံ့ဖြိုးမှုအခြေခံအဆောက်အအုံများ ချို့တဲ့ခဲ့ရသည့် ပြဿနာစသော အနိဋ္ဌာရုံဆိုးမွေများကို ခါးစည်းပြီး ခံခဲ့ရကြောင်း”** ရှင်းလင်းမိန့်ကြားခဲ့သည်။

ဤသို့အားဖြင့် အတွင်းရေးမှူး(၁)၏ ရည်ညွှန်းသုံးသပ်ချက်အရ လွတ်လပ်ရေးရသည်မှ မျက်မှောက်ကာလတိုင်အောင် ရှမ်းပြည်နယ်ဒေသ၏ တည်ငြိမ်အေးချမ်းမှု မရှိခဲ့သော အခြေအနေအရပ်ရပ်သည် ကိုလိုနီနယ်ချဲ့စနစ်နှင့် ပဒေသရာဇ်စနစ်တို့အပါအဝင် ပြည်ပကျူးကျော်မှုနှင့် ပြည်တွင်းလက်နက်ကိုင် သောင်းကျန်း ဆူပူမှုတို့သည်သာလျှင် အရင်းခံအကြောင်းတရားဖြစ်သည်မှာ သိသာထင်ရှားသောသမိုင်းရေးရာ ယုတ္တိဗေဒပင်ဖြစ်သည်။

ထို့ကြောင့်ပင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး နှစ်ပေါင်းထောင်ချီတိုင်အောင် အေးအတူပူအမျှ အတူတကွ ဥမကွဲ သိုက်မပျက်နေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်ရေးဟူသော **“အဖြူ”**ပေါ်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ပြိုကွဲစေရန် လုပ်ကြံသည့် လက်နက်ကိုင်ဆူပူသောင်းကျန်းမှုဟူသော **“အနက်”**ရောင်ကို စွန်းထင်းပေကျံရေးအတွက် အဖျက်အမှောင့် ပယောဂဖြင့် ဖန်တီးခဲ့သူများ၊ ဖန်တီးလှုံ့ဆော်နေသူများသည် ကိုလိုနီနယ်ချဲ့လက်သစ်၊ လက်ဟောင်းများနှင့် ယင်းတို့၏ သြဇာခံ ပြည်တွင်းပြည်ပအဖျက်သမား သောင်းကျန်းသူများအပါအဝင် အမျိုးသားသစ္စာဖောက်များပင်ဖြစ်သည်မှာ မည်သို့မျှ ဖုံးဖိဖာထေးငြင်းပယ်၍ မရနိုင်ပေ။

မည်သို့ဆိုစေ မျက်မှောက်မြန်မာနိုင်ငံ၏သမိုင်းခေတ်တွင် နိုင်ငံတော်အစိုးရ၏ ရိုးဖြောင့်သန့်စင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး သဘောထားနှင့်ရပ်တည်ချက်အပေါ်တွင် ကြည်လင်စူးရှသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့်ရဲရင့်ရှင်သန်သော ပြည်ထောင်စုစိတ်ဓာတ်တို့ကို နိုးကြားစွာ ခံယူလာကြသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ကြပြီး တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၍ မိမိနိုင်ငံ၊ မိမိဒေသနှင့် မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြသည်။ တည်ငြိမ်အေးချမ်းလျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်နယ်ပြည်မဒေသအားလုံးတွင် တိုင်းရင်းသားပြည်သူတို့၏ ဖွံ့ဖြိုးတိုးတက်နေသည့် လူမှုစီးပွားရေးဘဝများက အထင်အရှားဖြစ်ထွန်းလျက်ရှိသည်။

ယင်းအခြေအနေအရပ်ရပ်သည်ပင်လျှင် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) ရွက်ဆစ်အဖွဲ့မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ (၇၅၈) တပ်မဟာမှူး ဦးမိန်းစင်နှင့် တပ်ဖွဲ့ဝင်အား ၈၄၈ဦးတို့သည် ယင်းတို့ဒေသနှင့်ယင်းတို့၏လူမျိုးများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ရေးတို့အတွက် ထက်မြက်ရှင်သန်သော အမျိုးသားရေးစိတ်ဓာတ်နှင့် နိုးကြားတက်ကြွသော ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်မှာ ယုံမှားသံသယဒွိဟဖြစ်ဖွယ်ရာမရှိပေ။ မည်သည့်ဖိအားပေးမှု၊ ခြိမ်းခြောက်မှု၊ သွေးဆောင်မှုမျှ မပါဝင်ဘဲ **“အဖြူ”** ထည်ဖြစ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် **“အနက်”**ရောင်ဖြစ်သော လက်နက်ကိုင် ဆူပူသောင်းကျန်းမှုအား ရိုးသားစွာစွန့်လွှတ်ကျောခိုင်းလိုက်ခြင်းဖြစ်သည်ကို ယင်းတို့၏ ပွင့်လင်းပြတ်သားသော သဘောထားအမြင်တို့က အခိုင်အမာ သက်သေတင်လိုက်ပြီဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဟူသော **“အဖြူ”**ထည်ပေါ်တွင် လက်နက်ကိုင် ဆူပူသောင်းကျန်းမှုဟူသော **“အနက်”**ရောင်ကို စွန်းထင်းပေကျံစေပြီး ပြည်ထောင်စုကြီးကို ပြိုကွဲစေရန် လုပ်ကြံဖန်တီးနေကြသည့် နယ်ချဲ့ကိုလိုနီလက်သစ်လက်ဟောင်းများနှင့် ယင်းတို့၏သြဇာခံ ပြည်တွင်းပြည်ပ အဖျက်သမားသောင်းကျန်းသူများအပါအဝင် အမျိုးသား သစ္စာဖောက်များကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ဆန့်ကျင်ဖယ်ရှားချေမှုန်းကြပါစို့ဟု အလေးအနက်ဆန္ဒပြုလိုက်ပါသည်။ ။

ဇနိတာရာမ မိုးကုတ်ရိပ်သာ ၁၀ ရက် တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယကဆရာတော် ဦးဇနိတာလင်္ကာရ၏ သြဝါဒကိုခံယူ၍ မှော်ဘီမြို့ စိန်ရွှေကုန်း ဇနိတာရာမတောရရိပ်သာတွင် ဩဂုတ် ၄ ရက်မှ ၁၃ ရက်ထိ (၁၀)ရက်တရားစခန်းပွဲကို ကျင်းပမည်ဖြစ်ရာ မိုးကုတ်ဓမ္မကထိက ရွှေစက်တော် ဆရာတော် ဦးသုန္ဒရနှင့် ရေဦးဆရာတော် ဦးနန္ဒာသိရီ(ပုပ္ပား-၃) အရှင်သူမြတ်တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယ အတိုင်း သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၇-၂၀၀၆

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ အဂ္ဂမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀ ၇။ အဆိုပြိုင်ပွဲ
၈း၁၅ ၈။ စလင်းရေလှောင်တမံ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Let’s Go.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Practice in Reading.
၄း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သင်္ချာအထူးပြု)(သင်္ချာ)
၅း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၅း၁၅ ၆။ မြန်မာစာ၊မြန်မာစကား
၅း၂၅ ၇။ သီချင်းကြီးပဒေသာ
၅း၃၅ ၈။ **“မနိုင်သောအရှုံး” (ဟက်ကက်၊ဇင်ရဲထက်၊ ခိုင်သင်းကြည်) (ဒါရိုက်တာ- အေဝမ်းမောင်လှမျိုး)**
၅း၅၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၀ ၁၃။ **“အသိစိတ်ကလေး အရင်းတည်၍” (ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)**
၇း၁၅ ၁၄။ မူဟန်သွယ်သွယ်ဆိုကြမယ်
၇း၃၀ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **၂၀၀၆ခုနှစ် ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ (အပိုင်း-၂)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မတူပီမြို့နယ် နွားနောက်မွေးမြူရေးခြံနှင့် လက်ဖက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေး ချင်းပြည်နယ်သည် လက်ဖက်ပြည်နယ်ဖြစ်ရမည်ဟူသော ဦးတည်ချက်အောင်မြင်အောင် ထိရောက်စွာ စိုက်ပျိုးရေးမှာကြား

နေပြည်တော် ဇူလိုင် ၂၅

ချင်းပြည်နယ် မတူပီမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇူလိုင် ၂၂ရက် နံနက်ပိုင်းတွင် မတူပီမြို့နယ် ဖနိုင်ကျေးရွာရှိ မြို့နယ်နွားနောက် မွေးမြူရေးစခန်းအမှတ် (၂)သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းမော်က မတူပီမြို့နယ် နွားနောက် မွေးမြူရေးစခန်း အမှတ်(၁) ခြိန်းပြန့် ကျေးရွာစခန်းနှင့် အမှတ်(၂) ဖနိုင်ကျေးရွာစခန်းတို့၌ နွားနောက်မွေးမြူထားရှိမှု အခြေအနေ၊ မတူပီမြို့၌ မူလနွားနောက်ကောင်ရေ ၄၅၄၉ ကောင်မှ ၅၁၂၆အထိ၊ ရေဇွာမြို့၌ မူလ ၁၈၄၁ ကောင်မှ ၂၃၄၈ ကောင်အထိ တိုးတက်မွေးမြူမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မျိုးကောင်းမျိုးသန့်များရွေးချယ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က နွားနောက်မွေးမြူရေးနှင့် ပတ်သက်၍ စာရင်းဇယားများကို တိကျမှန်ကန်စွာ ပြုစုထားရှိတင်ပြရေး၊ ယခင်ကမှာကြားခဲ့သော နွားနောက်များကို မျိုးကောင်း မျိုးသန့်များ ရွေးချယ်မွေးမြူဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း၏ လက်ဖက် ၃၁ ဧက စိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်မှူးကြီးရဲလွင်က တပ်ရင်းအနေဖြင့် လက်ဖက် ၅၃ ဧက စိုက်ပျိုးပြီးစီးမှုနှင့် စိုက်ဧက ၁၀၀ ပြည့်မီအောင် လက်ဖက်ပျိုးပင်ပေါင်း ၁၃၅၀၀၀ ပျိုးထောင်ပြီးစီးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဆန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စံနမူနာပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လက်ဖက်စိုက်ခင်းများကို မျက်ခြည်မပြတ် ပြုစုစောင့်ရှောက်စိုက်ပျိုးသွားရေး၊ ချင်းပြည်နယ်သည် လက်ဖက်ပြည်နယ်ဖြစ်ရမည်ဟူသော ဦးတည်ချက် အောင်မြင်အောင် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များက စံနမူနာပြအဖြစ် ထိရောက်စွာ စိုက်ပျိုးသွားကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မတူပီ–ရေဇွာလမ်းမိုင်တိုင် (၁၇၂/၄) ရှိ ခြံစည်းရိုးကြက်ဆူဧက ၅၀ စိုက်ခင်း၌ စုပေါင်း မြေတောင်မြှောက်ပေါင်းသင်နေမှုကို ကြည့်ရှုအားပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူပင်များကို သတ်မှတ်နေရာ အသီးသီး၌ အမှတ်တရ စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မတူပီ–ရေဇွာလမ်းဘေး ဝဲ၊ ယာ၌ မတူပီမြို့ရှိ ဌာနဆိုင်ရာ အသီးသီး၏ လက်ဖက်စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လက်ဖက်စိုက်ခင်း ၁၉ ဧကခြ လက်ဖက်ပင်များကိုအမှတ်တရစိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဌာနဆိုင်ရာဝန်ထမ်းများ၏ လက်ဖက်ပင်များ ပေါင်းသင်နေမှုကို ကြည့်ရှုအားပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ချင်းပြည်နယ်အား လက်ဖက်ပြည်နယ် ဖြစ်လာစေရန် ဒေသခံ တိုင်းရင်းသားပြည်သူများအား လက်ဖက်ပင်စိုက်ပျိုးမှုကို စံနမူနာပြအဖြစ် စိုက်ပျိုးဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မတူပီ–ရေဇွာကားလမ်းပေါ်မှ မတူပီမြို့၌ လှေကားထစ်ကုန်းမြင့် လယ်ယာမြေ ဖော်ထုတ်ထားရှိမှုနှင့် မတူပီမြို့၏ ဖွံ့ဖြိုးတိုးတက်နေမှုကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မတူပီမြို့ရှိ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း၏ လက်ဖက်စိုက်ခင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအေးကိုကိုက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဝန်ထမ်းများ၏ လက်ဖက်စိုက်ခင်း စိုက်ပျိုးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒေသ၏ လက်ဖက်ထွက်ရှိမှု၊ တင်ပို့ရောင်းချမှု စာရင်းဇယားများ ကောက်ယူထားရှိရေးနှင့် လက်ဖက်ခြောက် စက်ရုံတည်ထောင်ရေးအတွက် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လက်ဖက်ခြံအတွင်း လက်ဖက်ဆွတ်ခူးနေမှု၊ ပေါင်းသင်ရှင်းလင်းနေမှုနှင့် လက်ဖက်ခြံအတွင်း သီးညှပ်သီးနှံအဖြစ် နာနတ်၊ သစ်တော်၊ ပိန္နဲ၊ သံပရာ သီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မတူပီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ လက်ဖက်ငါးဧကစိုက်ခင်းနှင့် လက်ဖက်စိုက် တောင်သူ ဦးလျှန်နန်း၏ တစ်ဧကရှိ လက်ဖက်ခြံ၌ လက်ဖက်ပင်များ ရှင်သန်ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ မတူပီမြို့ရှိ ဌာနဆိုင်ရာများ၏ လက်ဖက်စိုက်ခင်းများ ရှင်သန်ဖြစ်ထွန်းနေမှုကို လည်းကောင်း လှည့်လည် ကြည့်ရှုအားပေးကာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဌာနဆိုင်ရာများ အနေဖြင့် ရုံး၏ မြေလွတ်မြေလပ်များ၌ လက်ဖက်ပင်များ တိုးချဲ့စိုက်ပျိုးကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မွန်းလွဲပိုင်းတွင် မတူပီ တပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က အမှာစကား အသီးသီး ပြောကြားကြသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တပ်နယ်မိသားစုများအတွက် အဝတ်အထည်၊ အားကစားပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ မီးဖိုချောင်သုံး ပစ္စည်းများနှင့် အားကစားပစ္စည်းများ ကို ထောက်ပံ့ပေးအပ်ပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မတူပီမြို့မှ ပြန်လည်ထွက်ခွာကြရာ မင်းတပ်မြို့သို့ ညပိုင်းတွင်း ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မတူပီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လက်ဖက်စိုက်ခင်းတွင် လက်ဖက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မတူပီမြို့နယ် နွားနောက်မွေးမြူရေး စခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စစ်တောင်းမြစ်ရေ မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိ

ရန်ကုန် ဇူလိုင် ၂၅

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် စင်တီမီတာ ၁၁၁၀ သို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

အောင်မြေလူထုဓမ္မာရုံ ဝါတွင်းတရားပွဲ

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် (၁၃)ရပ်ကွက် ဒေဝဒဟလမ်း အောင်မြေလူထုဓမ္မာရုံကြီး၌ ဝါတွင်းကာလ ဥပုသ်နေ့တိုင်း တရားပွဲများ ကျင်းပလျက်ရှိရာ ဝါခေါင်လဆန်း ၈ရက်တွင်အရှင်ပညာသာမိ(တိုက်ကြပ်ဆရာတော်) သာသနဓဇ ဓမ္မာစရိယက လည်းကောင်း၊ ဝါခေါင်လပြည့်နေ့တွင် သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်) သာသနဓဇ ဓမ္မာစရိယ ဂဏဝါစကဓမ္မာစရိယကလည်းကောင်း၊ ဝါခေါင်လပြည့်ကျော် ၈ရက်တွင် ဦးသုမင်္ဂလ (ဝေါ) ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ (နည်းပြ) အဆောင်မှူး သာသနတက္ကသိုလ်က လည်းကောင်း၊ ဝါခေါင်လကွယ်နေ့တွင် ဦးဝေပုလ္လ မဟာဓမ္မာစရိယ (ကျမ်းပြု) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ကမ္ဘာအေး ရန်ကုန်ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်၍ လာရောက်နာကြားနိုင်ကြောင်း သိရသည်။

(က–ပ)

(26-7)10.P65 1 32/24/2, 3:03 PM

ယခုနှစ် ပဲခူးတိုင်းတွင် မိုးစပါးဧက သိန်း ၃၀ စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ
နိုင်ငံတော်ပိုင်းမှလည်း လိုအပ်သည့် ပံ့ပိုးမှုများ စီမံဆောင်ရွက်ပေးနေ
တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားစိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၂ရက်နံနက် ၇နာရီတွင် နေပြည်တော်မှ ပြည်မြို့သို့ ထွက်ခွာခဲ့ရာ မွန်းလွဲ ၂နာရီတွင် ရောက်ရှိပြီး ခေတ္တရာရိပ်သာခန်းမ၌ တိုင်းစိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များအားတွေ့ဆုံ၍ မိုးသီးနှံစိုက်ပျိုးမှုလုပ်ငန်း၊ မြစ်ရေကြီးမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ တည်ဆောက်ပြီးသည့်တမံများအား ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက ပဲခူးတိုင်းအတွင်း ၂၀၀၆/၂၀၀၇ ခုနှစ် မိုးစပါးဧက သိန်း ၃၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်နေမှု၊ တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲ ရေလှောင်တမံများ၏ လက်ရှိရေဝင်ရောက်မှု အခြေအနေ၊ မြစ်ရေကြီးမှုနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံချက် ရေးဆွဲဆောင်ရွက်မှုနှင့် စီမံကိန်းဝင်သီးနှံစိုက်ဧက လျာထားချက်နှင့် စိုက်ပျိုးပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဆည်မြောင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးဆီဇာခိုက ပဲခူးတိုင်း(အနောက်ပိုင်း)ရှိ ရေလှောင်တမံများ၏ အခြေအနေနှင့်ရေသိုလှောင်ထားနိုင်မှု၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်း ဧရာဝတီမြစ်ရေကြီးမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ကမ်းပတ်တာများ ကြံ့ခိုင်ရေးအတွက် ဆောင်ရွက်မှုနှင့် ကမ်းပတ်တာအသစ် တည်ဆောက်မှုအခြေအနေများကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးစန်းမောင်က ၂၀၀၅-၂၀၀၆ ခုနှစ်တွင် အဓိက သီးနှံ ၁၀မျိုးအနက် သီးနှံရှစ်မျိုး ပန်းတိုင်အထွက်နှုန်းရရှိမှု၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ပန်းတိုင်အထွက်နှုန်းရရှိရန် လျာထားဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး မိုးစပါးလျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ တည်ဆောက်ပြီး ဆည်များတွင် ကျန်ရှိသည့် ရေသွယ်လက်တံမြောင်းများပြီးစီးရေး၊ ရေကြီးရေလျှံမှု ဖြစ်စေနိုင်သည့် ဧရာဝတီမြစ်၏ ရေအမှတ်များကို အမြဲတစေ ဂရုပြုတိုင်းထွာလေ့လာရေး၊ တာတမံများ ကျိုးပေါက်မှု မဖြစ်စေရန် ကြိုတင်၍ စီမံချက်များ ရေးဆွဲဆောင်ရွက်ထားရှိရေး၊ စီမံကိန်းသီးနှံများကို လျာထားဧက ပြည့်မီကျော်လွန်စေရန်နှင့် ပန်းတိုင်အထွက်ထိုးရရှိစေရေးအတွက် နည်းလမ်းလေးသွယ်ဖြင့် အားစိုက်ခွန်စိုက်ဆောင်ရွက်ကြရေး မှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ပန်းတောင်းမြို့နယ် ချင်းရွာကြီးအနီးရှိ ခဝါရေလှောင်တမံသို့ သွားရောက်ရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှ ညွှန်ကြားရေးမှူး ဦးတင်မောင်အုန်းက ခဝါရေလှောင်တမံနှင့် ပတ်သက်သည်များနှင့် စိုက်ဧက ၁၈၀၀သို့ ရေပေးဝေစိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့မီးရထားတိုင်း(၉)မှ အင်ဂျင်နီယာမှူး ဦးအောင်ကျော်တင်က ဟသ်ာတ-မြန်အောင်-ကြံခင်း ရထားလမ်းအခြေအနေနှင့်တံတားများ ကြံ့ခိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ခဝါရေလှောင်တမံမှ ရေပေးဝေရန် လျာထားချက် ပြည့်မီအောင်ဆောင်ရွက်ရေး၊ ရေလှောင်ပမာဏကို ထိန်းညှိဆောင်ရွက်ရေးမှာကြားပြီး ရေလှောင်တမံကို ရှုရပ်မှ ကြည့်ရှုသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ပုသိမ်-မုံရွာလမ်း မိုင်တိုင် (၂၃/၁)သို့ရောက်ရှိပြီး လမ်းကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားပြီး လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် နဝဒေးတံတားကို ရောက်ရှိကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရွှေတောင်မြို့နယ် ဧက ၁၀၀ ခြံစည်းရိုးကြက်ဆူစိုက်ခင်းသို့ရောက်ရှိရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဝင်းက ခြံစည်းရိုးကြက်ဆူပင် ၁၄၃ ဧကအထိ တိုးချဲ့စိုက်ပျိုးနိုင်မှု၊ သဲကုန်းမြို့နယ်မှ ၁၂၇ဧက စုစုပေါင်းဧက ၂၇၀ တစ်ကွင်းတည်း တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးနိုင်မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးမှုကို ကြည့်ရှု အားပေးပြီးနောက် သဲကုန်းမြို့နယ် ခြံစည်းရိုးကြက်ဆူပင်ဧက ၁၀၀ စိုက်ခင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ပဲခူးတိုင်း(အနောက်ပိုင်း)၌ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန်ဧက ၃၆၀၀၀ လျာထားရာ ဧက ၂၁၀၀၀စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ရာသီကုန်တွင် သတ်မှတ်ဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရွာသာကုန်း ကျေးရွာသို့ ရောက်ရှိပြီး သဲကုန်းမြို့နယ် မိုးစပါးရေတော်မိုးတော် ကွင်းပိတ်ပွဲနှင့် စိုက်စနစ်စွမ်းရည်ပြပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးစန်းမောင်က ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် မြေအမျိုးအစားပေါ်မူတည်၍ မိုးစပါးစိုက်နည်း ပညာပေးမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း၊ မျိုးသန့်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း၊ ပုံမှန်ပျိုးထောင်စိုက်ပျိုးခြင်းတို့ဖြင့် စွမ်းရည်ပြ စိုက်ပျိုးမှုကို ကြည့်ရှုအားပေးကြသည်။

ရွာသာကုန်းကျေးရွာအုပ်စုရှိ လယ်မြေများမှာ ယခင်က ရေကြီးကွင်းများဖြစ်ပြီး ဩဂုတ်လကုန်မှသာ စပါးစိုက်ပျိုးနိုင်ခဲ့သည်။ ယခုအခါ နိုင်ငံတော်၏ အစီအမံဖြင့် ရေနုတ်မြောင်းများ ဖောက်နိုင်ခဲ့၍ အချိန်စောပြီး ဇူလိုင်လတွင် ရေတော်မိုးတော် ထွန်တုံးပိတ် စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် သဲကုန်းမြို့နယ်၌ မိုးစပါးစိုက်ဧက ကိုးသောင်းငါးထောင်ရှိသည့်အနက် ရေတော်မိုးတော်စပါး စိုက်ဧက ငါးသောင်းခြောက်ထောင်ကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် နတ်တလင်းမြို့နယ် သဲချောင်းအုပ်စု သဲချောင်းကျေးရွာ တောင်သူဦးသောင်းကျင်၏ စံပြကွက်၌ ပြုလုပ်သည့် စပါး၊ ပဲ၊ စပါး(တတိယ သီးနှံ)နှံကပ်ရိတ်သိမ်းနည်း သရုပ်ပြပွဲသို့ တက်ရောက်အားပေးရာ ရှင်းလင်းဆောင်၌ နတ်တလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းလှိုင်က မြို့နယ်အတွင်း မိုးစပါး၊ ပဲနှင့်နွေစပါး သုံးသီးစိုက်ပျိုးနိုင်သည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ယခုနှစ် ပဲခူးတိုင်းအတွင်း မိုးစပါးဧကသိန်း ၃၀ စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်ပိုင်းမှလည်း လိုအပ်သည့်ပံ့ပိုးမှုများ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစား စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရန်လိုကြောင်း၊ အလားတူ လောင်စာဆီရှားပါးမှုကို အထောက်အကူပြုပေးနိုင်ရန် ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို လျာထားချက်အတိုင်း စိုက်ပျိုးဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်က စီမံကိန်းချမှတ်ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည်များ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးသကဲ့သို့ ဒေသခံတောင်သူများအနေဖြင့်လည်း မိမိအကျိုးနှင့် တိုင်းပြည်အကျိုးရှေးရှု၍ တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့သည် နတ်တလင်းမြို့နယ် ၂၀၀၅-၂၀၀၆ ခုနှစ် တတိယသီးနှံစပါး နှံကပ်ရိတ်သိမ်းမှုကို ကြည့်ရှုအားပေးကြသည်။

နှံကပ်ရိတ်သိမ်းခြင်းသည် ပုံမှန်ရိတ်သိမ်းခြင်းထက် သယ်ယူရာတွင် အချိန်သက်သာခြင်း၊ လုပ်အားနည်းခြင်း၊ ခြွေလှေ့ရာတွင် လွယ်ကူမြန်ဆန်ခြင်းနှင့် အလေအလွင့် နည်းပါးခြင်းကြောင့် တစ်ဧကလျှင် လေးတင်း ပိုမိုရိတ်သိမ်းခြွေလှေ့ ရရှိနိုင်သည်။

နတ်တလင်းမြို့နယ်၌ မတ်ပဲနှင့် ပြည်မြန်မာ MR (9) နွေစပါးမျိုးများ စိုက်ပျိုးခြင်းဖြင့် သုံးသီးစိုက်ပျိုးနိုင်ခြင်းဖြစ်ပြီး မြို့နယ်အတွင်းသုံးသီးစိုက် (မိုးစပါး၊ ပဲ၊ နွေစပါး) ဧက ၄၁၄၇ ဧကစိုက်ပျိုးနိုင်ကြောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)၌ ၁၄မြို့နယ်ရှိသည့်အနက် မိုးညိုမြို့နယ်မှအပ ကျန် ၁၃ မြို့နယ်တွင် ၂၀၀၅-၂၀၀၆ ခုနှစ်၌ သုံးသီးစိုက်ဧက သုံးသောင်းခုနစ်ထောင်ကျော် စိုက်ပျိုးနိုင်ပြီး ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဧကခုနစ်သောင်းကျော် တိုးချဲ့စိုက်ပျိုးသွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်တင်က မြို့နယ်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် တစ်တိုင်းတစ်ပြည်လုံး မျှမျှတတတိုးတက်ဖွံ့ဖြိုးရေးအတွက် နယ်စပ်ဒေသများ တိုးတက်ဖွံ့ဖြိုးရေး စီမံကိန်းဒေသကြီး ၂၄ ခု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤစီမံကိန်းကြီးများ အောင်မြင်ရေးအတွက် တာဝန်ရှိဝန်ထမ်းများအနေဖြင့် ဒေသခံပြည်သူများနှင့် လက်တွဲ၍ ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်စီးပွားရေးကို အထောက်အကူပြုနေသည့် အဓိကသီးနှံ ၁၀ မျိုး၊ နှစ်ရှည်သီးနှံ ၃ မျိုး၊ အမယ်သစ်သီးနှံ သုံးမျိုးနှင့် ဒီဇယ်ဆီအစားထိုး အသုံးပြုနိုင်သည့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးရေးတို့အား စီမံချက်နှင့်အညီ ဧကပြည့်အောင်စိုက်ပျိုးနိုင်ရေးတို့လည်း အောက်ခြေအထိဆင်း၍ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ပန်းတိုင်အထွက်တိုးရရှိစေရန် နည်းလမ်း လေးသွယ်ဖြင့် ဆောင်ရွက်ပြီး စိုက်ဧကများ တိုးချဲ့ခြင်း၊ သီးထပ် သီးညှပ်စိုက်ပျိုးခြင်းများဆောင်ရွက်၍ တစ်ဦးချင်းဝင်ငွေ တိုးတက်စေရန်နှင့် ဒေသစီးပွားရေး တိုးတက်ဖွံ့ဖြိုးလာစေရန် အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ မွေးမြူရေးကဏ္ဍတွင်လည်း တိုးချဲ့၍ အင်တိုက်အားတိုက် မွေးမြူဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပြည်မြို့ ခေတ္တရာရိပ်သာခန်းမ၌ တိုင်းစိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)



ကွယ်လွန်သူ ခင်ပွန်း ဦးစောလွင်နှင့် သမီး ဒေါက်တာဒေါ်ခင်ခင်စန်းတို့အား ရည်စူး၍ လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းနေ ဒေါ်သင်းနွယ်နှင့် သားသမီးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ် ခုနစ်သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)

ပထမတန်း ကွင်းဖွင့်ဖလားပွဲ တပ်မတော် (ကြည်း) ဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၂၅

၂၀၀၆–၂၀၀၇ ဘောလုံးရာသီ ပထမတန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် Royal Eleven အသင်းနှင့် တပ်မတော်(ကြည်း) အသင်းတို့သည် ယနေ့ ညနေ ၃ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ တပ်မတော် (ကြည်း) အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

တပ်မတော်(ကြည်း) အသင်း နှစ်ဂိုး
(အောင်ချမ်းမင်းနှင့်သက်နိုင်)
Royal Eleven **အသင်း တစ်ဂိုး**
(စိုးကျော်သူ)
ဒိုင်လူကြီး ဦးသိန်းမြင့်

မြန်မာ့လက်ရွေးစင်ဟောင်းများ ဖြစ်ကြသည့် မောင်မောင်ကြီးနှင့် မာလ၊ လူငယ်လက်ရွေးစင်ဟောင်း အချို့နှင့် ပေါင်းစပ်ဖွဲ့စည်းထားသော Royal Eleven အသင်းမှာ အနိုင်ရရှိရေးကြိုးစားခဲ့သော်လည်း တပ်မတော် (ကြည်း) အသင်းက တစ်ဂိုးအရှုံးမှ အနိုင်ရရှိအောင် ကြိုးစားကစားခဲ့ခြင်းကြောင့် ကွင်းဖွင့်ဖလားကြီးကို လက်လွှတ်ခဲ့ရသည်။

ပွဲအပြီးတွင် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ဒုတိယဆုရ Royal Eleven အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သုံးသိန်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစား နှင့်ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးသောင်းထိုက်က ပထမဆုရ တပ်မတော် (ကြည်း) အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွား ဖလားနှင့် ငွေကျပ် ငါးသိန်း ပေးအပ်ချီးမြှင့်သည်။

(ကြေးမုံ)

ဇူလိုင် ၂၅ ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရုံးစိုက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပကော်မရှင်အဖွဲ့ရုံး သံအမတ်ကြီး H. E. Mr. Friedrich Hamburger **အား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်း–ကျော်ဖုံး) (သတင်းစဉ်)

အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ပထမဆုရ တပ်မတော်(ကြည်း)အသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။ (ကြေးမုံ)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ရိုးရာခြင်းလုံးခတ် ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၅

၂၀၀၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (လေ) တံခွန်စိုက်ဒိုင်း ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် မင်္ဂလာဒုံတပ်နယ် တပ်မတော်(လေ) စုပေါင်းရိပ်သာ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ် (လေ)ကိုယ်စား မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးချုပ်ရဲချစ်ဖေ တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ မင်္ဂလာဒုံတပ်နယ်ရှိ အရာရှိ၊ စစ်သည်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်းနှင့် ဇူလိုင် ၂၈ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပူပိုင်းဒေသတောင်တန်းများ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၅

သစ်တောရေးရာ ဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းသည် ဇူလိုင် ၂၀ ရက်မှ ၂၂ ရက်အထိ စစ်ကိုင်း မင်းဝံတောင်တန်း ၂၀၀၆–၂၀၀၇ခုနှစ် စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ၊ ကောင်းမှုတော် ပျိုးဥယျာဉ်နှင့်စစ်ကိုင်း–မြင်းမူ–ချောင်းဦး–မုံရွာကား လမ်းဘေး ဝဲ/ယာ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းတို့ကိုလည်းကောင်း၊ မုံရွာမြို့နယ် ဖောမိတစ်ထောင်–ကျောက္ကာ–ရွှေမြင်တင် တောင်တန်း ၂၀၀၅–၂၀၀၆ ခုနှစ် စိုက်ခင်းနှင့် ၂၀၀၆–၂၀၀၇ ခုနှစ် စိုက်ခင်းများကို လည်းကောင်း၊ မကွေးတိုင်း ရေစကြိုမြို့နယ် ရှင်မတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ ပေါက်မြို့နယ် တက်မတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ ပခုက္ကူမြို့နယ် တန့်ကြည်တောင် စိမ်းလန်း စိုပြည်ရေးလုပ်ငန်းများနှင့် ကြက်ဆူကြီး စမ်းသပ်စိုက်ခင်းတို့ကို လည်းကောင်း၊ မန္တလေးတိုင်း ညောင်ဦးမြို့နယ် တုရင်တောင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများနှင့် ကြက်ဆူကြီး စမ်းသပ်စိုက်ခင်းတို့ကို လည်းကောင်း၊ တောင်သာမြို့နယ် မြင်းစိုင်းတောင်၊ တောင်သာတောင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများနှင့် နွားထိုးကြီးမြို့နယ် မင်းစုံတောင် ကာကွယ်တော စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတို့ကို လည်းကောင်း၊ ကျောက်ဆည်မြို့နယ် ရွှေသာလျောင်းတောင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများနှင့် ကြက်ဆူကြီး စမ်းသပ်စိုက်ခင်း ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ခရိုင်နှင့် မြို့နယ်တာဝန်ခံများအား တောင်တန်း စိုက်ခင်းများ စိမ်းလန်းစိုပြည်လာနေပြီဖြစ်၍ အရှိန်အဟုန်မပျက် တိုးမြှင့်ဆောင်ရွက်ရေး၊ တောင်တန်းများအတွင်း ထင်းခုတ်ယူမှု မရှိစေရန် ထိထိရောက်ရောက် ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ယခုနှစ်ကဲ့သို့ နှစ်စဉ်တောင်တန်းတိုင်း၌ ကြက်ဆူပင်များ ထည့်သွင်း စိုက်ပျိုးရေးတို့ကိုမှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ

ရန်ကုန် ဇူလိုင် ၂၅

(၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ဆက်လက်ကျင်းပသည်။

အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)က မန္တလေးတိုင်းကို ၅၃ မှတ်၊ ၂၄ မှတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို ၅၂ မှတ်၊ ၁၃ မှတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းက မကွေးတိုင်းကို ၇၄ မှတ်၊ ၁၆ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)က မွန်ပြည်နယ်ကို ၆၅ မှတ်၊ ၃၁ မှတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်က မကွေးတိုင်းကို ၅၆ မှတ်၊ ၄၅ မှတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းက စစ်ကိုင်းတိုင်းကို ၅၆ မှတ်၊ ၃၇ မှတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းက ပဲခူးတိုင်းကို ၆၉ မှတ်၊ ၂၈ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ယနေ့ပွဲစဉ်များ

အမျိုးသမီးပြိုင်ပွဲများအဖြစ် မကွေးနှင့် တနင်္သာရီ၊ မွန်နှင့် ဧရာဝတီ၊ စစ်ကိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အမျိုးသားပြိုင်ပွဲများအဖြစ် ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မကွေးတိုင်းနှင့် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်း၊ တနင်္သာရီတိုင်းနှင့် ပဲခူးတိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။

(ကြေးမုံ)

သက်ရှိလောက တည်မြဲဖို့
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

ပြည်ပအားကစားသတင်းများ

ဘရာဇီးလက်ရွေးစင်အသင်း နည်းပြအဖြစ် အသင်းခေါင်းဆောင်ဟောင်း ဒွန်ဂါ ရွေးချယ်ခံရ

ရီယိုဒီဂျနေးရိုး ဇူလိုင် ၂၅

ဘရာဇီးဘောလုံးအဖွဲ့ချုပ်သည် လက်ရွေးစင်ဘောလုံးအသင်း၏ နည်းပြအဖြစ် ၁၉၉၄ခုနှစ်က အောင်ပွဲရ ဘရာဇီးအသင်း၏ အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သူ ဒွန်ဂါအား ခန့်အပ်လိုက်ကြောင်း ဇူလိုင် ၂၅ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဒွန်ဂါအား ဘရာဇီးအသင်း၏ နည်းပြအဖြစ် ခန့်အပ်လိုက်မှုကို နိုင်ငံတကာ ဘောလုံးလောကအတွင်း အံ့အားသင့်မှုဖြစ်ရကြောင်း၊ ဘရာဇီး လက်ရွေးစင်အသင်း၏ နည်းပြနေရာအတွက် ယှဉ်ပြိုင်ရွေးချယ်ခံရာတွင် ဒွန်ဂါက ၎င်းထက် ပိုမိုအတွေ့အကြုံရင့်ကျက်သူများကို ကျော်ဖြတ်ကာ ထူးထူးခြားခြား ရွေးချယ်ခံရခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဒွန်ဂါသည် နည်းပြအတွေ့အကြုံမရှိသော်လည်း ၎င်းအတွက် အလုပ်အကိုင်သစ်ဖြစ်သည့် ယင်းရာထူးတွင် တာဝန်ယူရန် အလွန်စိတ်အား ထက်သန်မှုရှိကြောင်း ဘရာဇီးဘောလုံးအဖွဲ့ချုပ်၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ***အင်တာနက်။***

၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလားရရှိသော ဘရာဇီးအသင်း၏ အသင်းခေါင်းဆောင် ဒွန်ဂါ (ဖလားကိုင်ထားသူ) **နှင့် အသင်းသားများကို တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

ဒင်းနစ်ဘားကမ့်၏အခန်းကဏ္ဍ ရော်ဘင်ဗန်ပါစီ ရယူဖွယ်ရှိ

လန်ဒန် ဇူလိုင် ၂၅

အာဆင်နယ်တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီသည် ၎င်းနှင့် တစ်နိုင်ငံတည်းသား ဒင်းနစ်ဘားကမ့်၏ အခန်းကဏ္ဍကို ရယူဖွယ်ရှိကြောင်း ဇူလိုင် ၂၅ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဘားကမ့်သည် ၎င်းအား ဂုဏ်ပြုနှုတ်ဆက်သည့် ဘောလုံးပွဲအဖြစ် ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်က လန်ဒန်မြောက်ပိုင်းရှိ အမ်မရိတ် အားကစားရုံသစ်ကြီးတွင် ကစားခဲ့သည်။

ဘားကမ့်၏ အခန်းကဏ္ဍကိုရယူရန် စိတ်အားထက်သန်နေသူမှာ ဗန်ပါစီဖြစ်သည်။ ဗန်ပါစီသည် လွန်ခဲ့သည့်နှစ်နှစ် ဖေယနူးအသင်းမှ ပြောင်းရွှေ့လာခဲ့ချိန်က နောင်တစ်နေ့တွင် ဘားကမ့်၏နေရာကို အစားထိုးနိုင်မည့်သူအဖြစ် ထင်ကြေးပေးခံခဲ့ရသူဖြစ်သည်။

အင်တာနက်။

တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ် စပိန်ကလပ်တွင်သာ ပျော်မွေ့

မဒရစ် ဇူလိုင် ၂၅

မိမိအားမန်ချက်စတာ ယူနိုက်တက် အသင်းသို့ ခေါ်ယူရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများရှိနေသော်လည်း မိမိအနေဖြင့် လက်ရှိကလပ်အသင်းတွင်သာ ဆက်လက်ကစားရန် လိုလားကြောင်း စပိန်နိုင်ငံမှ အက်တလီတီကို မဒရစ်တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်က အင်္ဂါနေ့တွင် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အသက် (၂၂)နှစ်ရှိ တောရက်စ်အား ရဒ်ဗန်နစ္စတယ်ရွိုင်း၏နေရာတွင် တာဝန်ယူရန် အသင်းပြောင်းရွှေ့ကြေး ပေါင်ငွေသန်း ၂၀ ဖြင့် မန်ချက်စတာ ယူနိုက်တက်အသင်းသို့ ခေါ်ယူရန် ဆွေးနွေးနေသည်ဟု သတင်းများ ပေါ်ထွက်ခဲ့သည်။

တောရက်စ်သည် လာလီဂါဘောလုံး ပြိုင်ပွဲတွင် စပိန်ကလပ်အသင်း လေးနှစ် ဆက်တိုက်ထိပ်တန်းမှ ရပ်တည်နိုင်စေရန် ဂိုးအများအပြား သွင်းပေးနိုင်ခဲ့သူဖြစ်သည်။

မိမိသည် လက်ရှိအသင်းတွင် ပျော်မွေ့ပြီး အက်တလီတီကို မဒရစ်အသင်းတွင် နောက်ထပ်တစ်နှစ် ဆက်လက်ကစားဦးမည်ဖြစ်ကြောင်း တောရက်စ်က ပြောကြားသည်။ ***အင်တာနက်။***

နှစ်ဖက်သောမိဘများအား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းနေ တိ–နိ(ရန်ကုန်ဌာန) အမှုဆောင် ဦးစံထူး–ဒေါ်ခင်နုရီ၊ မောင်ကျော်ဇင်ဦး၊ သမီး မနှင်းနုစံ မိသားစုက ဦးစံထူး၏ (၅၈)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၀သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ (ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေနှင့် တိ–နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

Ruby Dragon Companies နေရာသစ်သို့ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

Ruby Dragon ကုမ္ပဏီများ၏ ယခင်ဖွင့်လှစ်ထားရှိသော **အမှတ် ၆၇၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ မှ အမှတ်–၃၉(အေ)၊ ၇မိုင်ခွဲ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။** သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပါကြောင်းနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များမှာ ၆၆၀၃၁၂၊ ၆၅၂၆၆၂၊ ၆၅၂၇၄၉၊ Fax– ၆၅၂၇၉၃ ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။



ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၂၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီက လှိုင်မြို့နယ် (၅)ရပ်ကွက်ရှိ ကြံခင်းပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ အသင်းအတွင်းရေးမှူး ဦးစိန်ငွေးက ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

(၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာလမ်း ကျိုက္ကစံ ဓမ္မပိယသာသနာ့ရိပ်သာတွင် (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ၁၃၆၈ ခုနှစ် ဝါခေါင်လဆန်း ၁၃ရက်၊ ဩဂုတ် ၆ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ သံဃာတစ်ပါးလျှင် သင်္ကန်းအလှူကျပ် ၂၅၀၀၊ ဆွမ်းအလှူ ကျပ် ၁၀၀၀ နှင့် နဝကမ္မအလှူကျပ် ၁၀၀၀ နှုန်းဖြင့် ဖုန်း–၅၇၈၅၇၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပဲနွယ်ကုန်းမြို့၌ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၂၅

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး တို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ် များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၄ရက် ည ၇နာရီခွဲခန့်တွင် ပဲခူးတိုင်း ပဲနွယ်ကုန်းမြို့ သတိပဋ္ဌာန်ရပ်ကွက် အမှတ်(၁)လမ်းရှိ ကမ္ဘာသစ်လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးမြင့်ကြည်၏ ဇနီး မသဇင်နွယ် အသက်(၃၂)နှစ်သည် လက်ဖက်ရည်ဆိုင်အဝင် လမ်းဘေး၌ လက်သုတ်ပဝါများလျှော်ဖွပ်ရန် သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲခဲ့သဖြင့် မသဇင်နွယ်၏ ဘယ်ဘက်ခြေထောက် ခြေချင်းဝတ်မှ ပြတ်သွားပြီး ညာဘက်ခြေမျက်စိကွဲသည့် ဒဏ်ရာရရှိခဲ့ သည်။

အဆိုပါဒဏ်ရာရရှိသည့် မသဇင်နွယ်အား သက်ဆိုင်ရာ တာဝန် ရှိသူများက ပဲနွယ်ကုန်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါး ကုသမှုနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများ နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ သတင်းဖော်ထုတ် ရှင်းလင်းလျက် ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲ မြန်မာအားကစားအဖွဲ့ ရွှေတစ်ခုနှင့် ကြေးတစ်ခု ရရှိနေ

ရန်ကုန် ဇူလိုင် ၂၅

မလေးရှားနိုင်ငံ ကွာလာလမ်ပူ မြို့၌ ဇူလိုင်၂၁ရက်မှ ၂၇ရက်အထိ ကျင်းပလျက်ရှိသော ၂၀၀၆ခုနှစ် ဒုတိယအကြိမ် ကမ္ဘာ့အဆင့်

၂၀၀၆ခုနှစ် ဒုတိယအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲ အမျိုးသမီး မီတာ ၅၀ Compoundတစ်ဦးချင်းပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးရရှိသော တင်ဇင်အိ။ (ကြေးမုံ)

သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် မြန်မာမြားပစ် အားကစားအဖွဲ့ ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိရာ ဇူလိုင်၂၄ရက် ပွဲစဉ်များအပြီးအထိ ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ်တစ်ခု ရရှိ ထားသည်။

မြန်မာ မြားပစ်အဖွဲ့အတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို မီတာ(၅၀) အမျိုးသမီး Compound တစ်ဦးချင်း ပြိုင်ပွဲတွင် တင်ဇင်အိက ဆွတ်ခူးရရှိခဲ့သည်။ တင်ဇင်အိသည် မြား ၃၆ချောင်း ပစ်ခတ်ရာတွင် ၃၃၉မှတ်ဖြင့် ဆုတံဆိပ် ရရှိခဲ့ခြင်းဖြစ်သည်။ ကြေးတံဆိပ်ဆုကို မီတာ(၃၀) အမျိုးသား Compoundတစ်ဦး ချင်းပြိုင်ပွဲတွင် ရဲမင်းဆွေက ရရှိ ခဲ့သည်။ မြား ၃၆ချောင်းပစ်ရာ၌ ၃၅၇မှတ် ရရှိခဲ့သည်။

ဒုတိယအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် နိုင်ငံနှင့် ဒေသ ၁၉ခုမှ အားကစားသမားပေါင်း ၁၅၇ဦး ပါဝင်ယှဉ်ပြိုင်လျက် ရှိသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆–၇–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	သွေးတိုးရောဂါနှင့် တိုင်းရင်းဆေးပညာ
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (ငါးမုတ်ကြော်နှပ်ချက်)
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ခြံတွင်းဥယျာဉ် စိုက်ပျိုးမှုအနုပညာ
၈း၂၅	နိုင်ငံတကာ သတင်းအကျဉ်း
၈း၃၀	ယဉ်ကျေးမှုတက္ကသိုလ် (ဂီတဌာန)
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	ပုံရိပ်ဖမ်းစားခါတ်ပုံ အနုပညာသည်များ (ဝဏ္ဏခွာနီး)
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	အသိဉာဏ်မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (စက်မှုဒီဇိုင်း)
၉း၄၀	မိုးလေဝသခန့်မှန်းချက်
၉း၄၅	ကျက်သရေတင့်တယ် လှစေမယ် (အပိုင်း–၁)
၁၀း၀၅	နိုင်ငံတကာ အနုပညာရေးရာ
၁၀း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၀	Myanmar Video Rhythm
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	Printing Industry & Color Separation အကြောင်းသိကောင်းစရာ
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	အရေးကြီးလို့ပါ (ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ)
၁၁း၅၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၂း၀၀	MRTV-4 အပိတ်Logo

အထက်ပါ ၅နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် အဘိုး(ဦးဘထွန်း)၊ အဘွား (ဒေါ်သိန်းညွန့်)၊ အဘိုး(ဦးသန်းရွှေ)၊ အဘွား(ဒေါ်ခင်တင့်)၊ မိခင်(ဒေါ်နယ်လီသန်း)၊ အစ်ကို (ဦးမျိုးဇော်ထွန်း)နှင့် (Mr. Chong Quek Choong)–(Mrs. Sim Siew Tee) တို့အား ရည်စူး၍ ရန်ကုန်မြို့ ရွှေတောင်ကြား(၂)ရပ်ကွက် ဗဟန်းမြို့နယ်မှ ဦးသန့်ဇင်ထွန်း–ဒေါ်အိန်ဂျလင်း မိသားစုက အလှူတော်ငွေ ကျပ်သိန်း ၅၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)၊ ဒေါက်တာ အရှင်အာဒိစ္စဝံသ(ပါမောက္ခ၊ မဟာဌာနမှူး၊ ထေရဝါဒဗုဒ္ဓတက္ကသိုလ်) ရှေ့မှောက်၌ တာဝန်ခံ ရွှေမြင်တင်ဦးညို (သီဟသုဓမ္မမဏိဇောတဓရ၊ သဒ္ဓမ္မဇောတိကဓဇ)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပုသိမ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၅

ပုသိမ်အသင်း (ရန်ကုန်)၏ ပုသိမ်ခရိုင်အတွင်းမှ ရန်ကုန်မြို့ တွင် အခြေချကျောင်းထိုင်တော် မူသော ပဓာနနာယက ဆရာ တော် ၂၈ပါးအား ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပူဇော်ပွဲကို ဇူလိုင် ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် (၂၁/၄၃–စီ) တည်ရှိရာ ဇရာဝတီတိုင်း ဓမ္မာရုံတွင် ကျင်းပ မည်ဖြစ်သည်။

လှူဒါန်းနိုင်

ပါဝင်လှူဒါန်းလိုပါက ပုသိမ် အသင်းဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း–၀၉၈၀–၂၃၃၀၇၊ ဒုတိယ ဥက္ကဋ္ဌများ ဖြစ်ကြသော ဦးသန်း အောင်လင်း ဖုန်း–၀၉– ၅၀၀၃၇၀၉၊ ဦးဘအေး ဖုန်း– ၀၉–၅၀၁၆၆၁၃၊ ဦးမြင့်ဦး ဖုန်း– ၃၈၁၃၆၁၊ ဦးမြင့်နိုင် ဖုန်း ၀၉– ၅၁၂၃၄၁၁၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း–၀၉– ၅၀၀၆၁၂၈၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း–၂၂၁၉၇၈၊ ပုသိမ်အသင်း(ရန်ကုန်) ဖုန်း– ၃၇၉၂၅၈နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က–ပ)

အမွေစားအမွေခံသားသမီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်တော် ဦးမောင်မောင်သန်း [၁၂/သကတ(နိုင်)၁၀၁၃၁၇] နှင့် ကျွန်မ ဒေါ်ဖြူဖြူသန်း [၁၂/သကတ(နိုင်) ၁၀၁၈၈၈]တို့၏ သားဖြစ်သူ မောင်နေဝင်း [၁၂/သကတ(နိုင်)၁၄၆၂၅၉]သည် မိဘများ၏ ဆိုဆုံးမစကားကို လုံးဝ နားမထောင်ဘဲ မိသားစုအရှက်တကွဲ ဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိမိသဘောအရ နေအိမ်မှ အကြိမ်ကြိမ် ဆင်းသွားခြင်း၊ လုပ်ငန်းခွင်မှ အထက် လူကြီးများ၏ ဆိုဆုံးမစကားကို နားမထောင်ဘဲ အရက်သေစာ သောက်စား၍ လုပ်ငန်းခွင်သို့ မရောက် ခြင်း စသည်များကို အကြိမ်ကြိမ်ပြုလုပ် နေပါသဖြင့် ၎င်းအားမည်သို့မျှ ပြုပြင် ဆုံးမ၍ မရတော့သည့်အခြေအနေကို ရောက်ရှိလာပါသဖြင့် ယနေ့ ၂၁–၇–၂၀၀၆မှစ၍ မောင်နေဝင်းအား သားသမီး အရင်းအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာ အပ်ပါသည်။ ၎င်းနှင့်ပတ်သက်ခဲ့သည့် မည်သည့်ကိစ္စမျိုးကိုမျှ တာဝန်မယူ တော့ပါကြောင်း။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဦးမောင်မောင်သန်း–ဒေါ်ဖြူဖြူသန်း

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ် ကျင်းပမြဲဖြစ်သော ဂေါက်သီး ရိုက်ပြိုင်ပွဲအတွက် ဇူလိုင် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၅ နာရီခွဲတွင် သန်လျင် ဂေါက်ကွင်း၌ကျင်းပ မည်ဖြစ်ရာ အသင်းဝင်ဆရာဝန် များ ဝင်ရောက် ယှဉ်ပြိုင်နိုင် ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် မြို့သစ်(က–ခ)ရပ်ကွက်၊ (က/၅)လမ်းနေ ဦးကျော်လွင်အား ရည်စူး၍ ဇနီး ဒေါ်ငွေးငွေးမြင့်နှင့် သားသမီး၊ မြေးတစ်စုတို့က အလှူငွေကျပ် ၃၀၃၀၀၀ကို မာလာရာမကွက်သစ် ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်း တွဲဖက်အတွင်းရေးမှူး (၂) ဦးလှသိန်းနှင့်အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က–ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပကော်မရှင်အဖွဲ့ရုံး သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရုံးစိုက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပကော်မရှင်အဖွဲ့ရုံး သံအမတ်ကြီး H.E. Mr. Friedrich Hamburger အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ယနေ့မိုးလေဝသ

(၂၆–၇–၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရုံးစိုက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပကော်မရှင်အဖွဲ့ရုံး သံအမတ်ကြီး H.E. Mr. Friedrich Hamburger အား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

God Army သောင်းကျန်းသူအဖွဲ့မှ ခေါင်းဆောင်ဂျော်နီတူး ဦးစီး ၁၀ ဦး လက်နက်ငယ်ငါးလက်၊ လက်ပစ်ဗုံးတစ်လုံးတို့နှင့်အတူ လက်နက်ချအလင်းဝင်ရောက်

နေပြည်တော် ဇူလိုင် ၂၅

တစ်ဖက်နိုင်ငံနယ်စပ်တွင် အခြေပြုသည့် တမန်တော်တပ်ဖွဲ့ (God Army) သောင်းကျန်းသူအဖွဲ့မှ ခေါင်းဆောင် ဂျော်နီတူးဦးစီးအဖွဲ့ဝင်ကိုးဦးသည် အခြားသောင်းကျန်းသူများ၏ အနိုင်ကျင့် အကျပ်ကိုင်မှုကိုမခံလိုခြင်း၊ နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်တို့၏ စေတနာမှန်ဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကို သိမြင်ယုံကြည်လာခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ပြီး မိမိနိုင်ငံအတွင်း မိသားစုဆွေမျိုးသားချင်းများနှင့်အတူတကွ အေးချမ်းစွာနေထိုင်၍ ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်လိုသည့်အတွက် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်နယ်မြေရှိ မိမိတပ်မတော်တပ်စခန်းသို့ အေကေ(၄၇) မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ ကျည်ကတ်နှစ်ခု၊ ၎င်းကျည် ၆၀ တောင့်နှင့် အေအာရ်(၁၅)တစ်လက်တို့ဖြင့် လည်းကောင်း၊ ၎င်းအဖွဲ့မှ တပ်သားစောရှိုးသည် ဇူလိုင် ၁၉ ရက် နံနက် ၄ နာရီတွင် အမ်(၁၆) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်ကတ်တစ်ခု၊ ၎င်းကျည် ၄၀ တောင့်၊ ကာဘိုင်သေနတ်တစ်လက်၊ ကျည်ကတ်တစ်ခု၊ ၎င်းကျည် ၃၀ တောင့်၊ အမေရိကန်လုပ် အမ်(၁၇) လက်ပစ်ဗုံးတစ်လုံးတို့ဖြင့် လည်းကောင်း လက်နက်ချ အလင်းဝင်ရောက်ခဲ့ကြသည်။

စာမျက်နှာ ၇ ကော်လံ ၅ သို့ ▲

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆောင်းပါး အညွှန်း

▶ မျက်မှောက်မြန်မာနိုင်ငံ၏ သမိုင်းခေတ်တွင် နိုင်ငံတော်အစိုးရ၏ ရိုးဖြောင့်သန့်စင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသဘောထား နှင့် ရပ်တည်ချက်အပေါ်တွင် ကြည်လင်စူးရှသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ရဲရင့်ရှင်သန်သော ပြည်ထောင်စုစိတ်ဓာတ်တို့ကို နိုးကြားစွာ ခံယူလာကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ကြပြီး တရားဥပဒေဘောင်အတွင်းသို့ဝင်ရောက်၍ မိမိနိုင်ငံ၊ မိမိဒေသနှင့် မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြသည်။

ကေတုနီလာ၏ "အဖြူကို အနက်ဆိုးသူများအား ဆန့်ကျင်ဖယ်ရှား ချေမှုန်းကြပါစို့"

(ဆောင်းပါး) စာမျက်နှာ–၈/၉